# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၂)ရက် ၊ အင်္ဂါနေ့ ၊ (17-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China Texmatech Co., Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မိတ္ထီလာမြို့နယ်မှ ရပ်မိရပ်ဖများ၊ စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်က စက်ရုံတည်ဆောက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ခမ်းခမ်းနားနား အမျိုးသားအားကစားပွဲတော်

အားကစားမြှင့်တင်ဆောင်ရွက်ခြင်းသည် မွန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်အတွက် အရေးပါသောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီးဆောင်ရွက်သွားကြရပေမည်ဖြစ်သည်။ နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက် (၉) ရပ်အနက်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူသည့်အချက်ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဖော်ဆောင်သွားကြရမှသာ နိုင်ငံအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သော၊ နိုင်ငံကို အကျိုးပြုနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ယခုပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာ ၉ရက်မှ ၂၀ရက်ထိ ခြိမ့်ခြိမ့်သဲ ခမ်းခမ်းနားနားကျင်းပလျက်ရှိသည်။ အဆိုပါအမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကိုဖော်ထုတ်ပြသနိုင်သည့် လက္ခဏာတစ်ရပ်ပင်ဖြစ်ပေသည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သော ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီးကြောင်း၊ လူတိုင်းဘဝတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့်စိတ်များနှင့်ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်မျိုးကို အားကစားစိတ်ဓာတ်က ရစေနိုင်ကြောင်း၊ ထို့ကြောင့်လည်း အားကစားနှင့်ပတ်သက်၍ ခံယူချက်အမျိုးမျိုးရှိသည့်အတွက် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူသည့်အချက်သည် အမြင့်မားဆုံးခံယူချက်ပင်ဖြစ်ကြောင်း"** စသည်ဖြင့် အားကစားနှင့်ပတ်သက်ပြီး အလေးထားမှုကို အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိပြီး ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို နေ့စဉ်ကျင်းပလျက်ရှိပြီး ထိုအားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုတစ်ခဲနက်အားပေးခဲ့ကြသည်မှာ အားရဖွယ်ရာပင်ဖြစ်သည်။

နိုင်ငံအတွက် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေရန် ပညာရေးနှင့် ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့မှသာ နိုင်ငံတကာအလယ်တွင် မြန်မာ့အားကစားကဏ္ဍသည် မြင့်မားလာမည်ဖြစ်ပါသောကြောင့် အားကစားကဏ္ဍမြှင့်တင်ရေးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများအပြင် ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီပေါင်းစပ်ကြိုးပမ်းသွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေး ပဲ၊ နှမ်း၊ ဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က ပဲတီစိမ်းနှင့် ပဲကြီးမှာ ပြည်တွင်းဈေးကွက်အတွင်းမှ ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပဲတီစိမ်းနှင့် ပဲကြီးကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ပဲတီစိမ်းနဲ့ ပဲကြီး အမျိုးအစားတွေ အဝယ်တော်တော်လေးပြန်လိုက်လာတယ်။ ဈေးကွက်ထဲမှာတော့ တခြား ပဲ၊ ပြောင်း၊ နှမ်းစတဲ့ ကုန်စည်တွေလဲ ပုံမှန်အတိုင်းအရောင်းအဝယ် ဖြစ်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ အလားတူ ယနေ့ပေါက်ဈေးအရ ပဲကြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကုလားပဲနဲ့ နှမ်းတွေကလဲ ဈေးကွက်ထဲမှာ ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်နေတယ်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံတွေကလဲ ကုလားပဲနဲ့ နှမ်း ဝယ်ယူမှုတွေ ရှိပါတယ်။ တခြားနိုင်လွန်ပဲတို့၊ ပဲစင်းငုံတို့ကလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

ယခု ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၆၅၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟင်္သာတ ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဟင်္သာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို နိုဝင်ဘာလထဲမှာ ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ ဒေသထွက် ပဲတီစိမ်းတွေအပါအဝင် ပဲအစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်၊ ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပဲတီစိမ်းတွေ ဝယ်ယူမှုကောင်းလာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပဲတွေက အဟောင်းတွေပါ"ဟု ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။ **ကျော်ကျော်လင်း**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၈၂၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၈၂၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ဧက ၁၁၈၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၂၁၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့မုန်ညင်းကို နှစ်စဉ်စိုက်ပျိုးမှုတွေ ရှိကြပါတယ်။ ပန်းနှမ်းနဲ့ မုန်ညင်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလ ကန့်ဘလူခရိုင်မှာ ပန်းနှမ်းနဲ့ မုန်ညင်း ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် မုန်ညင်း ၅၃၂ ဧက၊ ပန်းနှမ်း ၂၀၃၃ ဧကနှင့် ကျွန်းလှမြို့နယ်တွင် မုန်ညင်း ၃၃၁ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက စုစုပေါင်း ၈၂၁၃ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် မုန်ညင်း ၅၆၃ ဧက၊ ပန်းနှမ်း ၅၅၅၈ ဧက၊ ကျွန်းလှမြို့နယ်တွင် မုန်ညင်း ၃၅၇ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက စုစုပေါင်း ဧက ၁၁၈၂၀ ဖြစ်ကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ညောင်လေးပင်မြို့နယ် ကြိုးကြာကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်လေးပင် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ပျောတောစံပြကျေးရွာအုပ်စု ကြိုးကြာကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ် ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြိုးကြာကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ငန်း၊ ပဲတီစိမ်း၊ ပဲလွန်း၊ မတ်ပဲများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကြိုးကြာကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၇၄ သိန်း ထုတ်ချေးပေးထားကြောင်း ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

## မလှိုင်မြို့နယ် ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခြောက်ခွဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧက ၈၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၈၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၂၅ ဧကနှင့် ဖူးစားပြောင်း ၈၃၆၈ ဧက စုစုပေါင်း ၉၈၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၄၃၂ ဧကနှင့် ဖူးစားပြောင်း ၆၆၉၈ ဧက စုစုပေါင်း ဧက ၈၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ကလေးမြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိစေဖို့၊ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)

## ငဖဲမြို့နယ် မာန်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မာန်အောင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မာန်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၅၉၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းနဲ့ အခုလက်ရှိမှာလဲ မျှင်ငါးပိတွေ ဝယ်ယူမှုများပြားနေပါတယ်။ အခုလို မျှင်ငါးပိတွေ ပြန်ပြီးအရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် ရေလုပ်သားတွေပါ အဆင်ပြေလာပါတယ်''ဟု လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေး ပိုင်ရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်မှ ရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဒေသထုတ်ကုန် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သား အနည်းဆုံး ၁၀ ဦးမှ ၁၅ ဦးထိ အလုပ်အကိုင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း ၁၇)

ပါမောက္ခကိုကိုအောင်



မြေဆီလွှာ၏အကြောင်းကို ရှေးကာလများက သုတေသနပြုခဲ့ကြရာတွင် ရုပ်ပိုင်းဆိုင်ရာသုတေသနနှင့် ဓာတ်ပိုင်းဆိုင်ရာသုတေသနများဟူ၍ အဓိကအပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာဆန်းစစ်ခဲ့ကြသည်။ ထိုမျှလေ့လာခဲ့ကြသည့်တိုင် မြေဆီလွှာ၏အကြောင်းကို အကုန်အစင်မသိရှိကြသေးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အထိရောက်ဆုံးနှင့် အကောင်းဆုံးသောရလဒ်များ ထွက်ပေါ်လာခဲ့ခြင်းမရှိပေ။

နောက်ပိုင်းတွင် ခေတ်သစ်သုတေသနပညာရှင်တို့က မြေဆီလွှာ၏ဖြစ်ပေါ်တိုးတက်မှုများ၌ သက်ရှိတို့၏အခန်းကဏ္ဍက အလွန်အရေးကြီးကြောင်း သိရှိဖော်ထုတ်နိုင်ခဲ့ကြသည်။ မြေဆီလွှာနှင့်ပတ်သက်သော ဇီဝဗေဒ (Biology) ပညာရပ်မှာ ကမ္ဘာ့လူသားအားလုံးအတွက်သာမက သတ္တလောကတစ်ရပ်လုံးအတွက်ပါ အလွန်ပင်အရေးပါအရာရောက်ကြောင်း သိရှိလာခဲ့ကြသည်နှင့်အမျှ မြေဆီလွှာအတွင်း မြေသြဇာထက်သန်ကောင်းမွန်အောင် သဘာဝအလျောက် ပြုပြင်ဆောင်ရွက်ပေးနေကြသော သက်ရှိတို့၏အခန်းကဏ္ဍကို လျစ်လျူရှုပစ်ပယ်ထားရန်မဖြစ်နိုင်တော့ကြောင်းကို သိပ္ပံပညာရှင်တို့က စိုက်ပျိုးရေးလောကသားများကို တပ်လှန့်နှိုးဆော်ခဲ့ကြသည်။

မြေဆီလွှာ၏ဖြစ်ပေါ်တိုးတက်မှုများကို အဓိကပံ့ပိုးပေးကြသော သက်ရှိများကို အကြီးစားသက်ရှိများနှင့် အငယ်စားသက်ရှိများဟူ၍ ခွဲခြားလေ့လာကြရမည်ဖြစ်သည်။ မြေဆီလွှာ၏ဖြစ်ပေါ်တိုးတက်မှုများအတွက် အကျိုးပြုနေကြသော သက်ရှိအုပ်စုနှစ်မျိုးစလုံးမှာ မြေဆီလွှာအတွင်း၌ပင် မှီတင်းရှင်သန်နေကြသော သက်ရှိများပင်ဖြစ်ကြသည်။ မြေဆီလွှာအကျိုးပြုအကြီးစားသက်ရှိများမှာ ကိုက်ဖြတ်တတ်သော သတ္တဝါများ၊ အင်းဆက်ပိုးကောင်များ၊ တီကောင်နှင့် အပင်တို့၏ အမြစ်များဖြစ်ကြပြီး အငယ်စား သက်ရှိများကမူ မှိုနု၊ မှိုမျိုးအယ်လ်ဂျေးနှင့် ဗက်တီးရီးယားများဖြစ်ကြသည်။

**မြေဆီလွှာအကျိုးပြု အကြီးစားသက်ရှိလေးမျိုးအနက် ကိုက်ဖြတ်တတ်သောသတ္တဝါ၊ အင်းဆက်ပိုးနှင့် တီကောင်တို့မှာ သတ္တဗေဒပညာရပ် စာရင်းဝင်များဖြစ်ကြပြီး အပင်တို့၏အမြစ်များကမူ ရက္ခဗေဒပညာရပ်စာရင်းဝင်များဖြစ်ကြသည်။ အငယ်စားသက်ရှိလေးမျိုးအနက် မှိုနု၊ မှိုမျိုးနှင့် အယ်လ်ဂျေးတို့မှာ ရက္ခဗေဒပညာရပ်စာရင်းဝင်များဖြစ်ကြပြီး ဗက်တီးရီးယားများကမူ သတ္တဗေဒပညာရပ်စာရင်းဝင်များဖြစ်ကြသည်။**

ကိုက်ဖြတ်တတ်သော သတ္တဝါများအနက် အရေးကြီးသောသတ္တဝါများမှာ ရှဉ့်၊ ကြွက်၊ ပွေးနှင့် ဂိုဖာမြေကြွက်တို့ဖြစ်ကြသည်။ ၎င်းကိုက်ဖြတ်တတ်သောသတ္တဝါတို့မှာ မြေဆီလွှာကို မြေမျက်နှာပြင်ပေါ်သို့ သယ်ဆောင်ကာ ဆွေးမြည့်နေသောအပင်များနှင့် ရောနှောသွားစေခြင်းအားဖြင့် မြေသြဇာကို ထက်သန်ကောင်းမွန်လာစေသည်။ ၎င်းတို့သည် မြေကိုတူးဆွခြင်းဖြင့် ရောနှောသွားစေရုံသာမက မြေဆီလွှာအတွင်းသို့ လေကိုဝင်ရောက်စေပြီး ရေလွှတ်ရေပိုများကိုပါ စီးထွက်သွားစေခြင်းအားဖြင့် မြေဆီလွှာ၏ အခြေအနေကို တိုးတက်ကောင်းမွန်လာစေသည်။

သို့ရာတွင် စိုက်ပျိုးတောင်သူများနှင့် လယ်သမားများကမူ ကိုက်ဖြတ်တတ်သောသတ္တဝါများမှာ စိုက်ပျိုးရေးလုပ်ငန်းကို ဖျက်ဆီးသည့်ဘေးဖြစ်စေတတ်သော အဖျက်တိရစ္ဆာန်များအဖြစ်သာ ရှုမြင်လေ့ရှိကြသည်။ ကိုက်ဖြတ်တတ်သော သတ္တဝါတို့၏အဖျက်စွမ်းအားကလည်း ဥပေက္ခာပြုထား၍ မရနိုင်လောက်အောင်ပင် ကြီးမားလွန်းလှသည့်အတွက် ၎င်းတို့အပေါ် စိုက်ပျိုးရေးလောကသားတို့၏ ရှုမြင်ကြပုံကိုလည်း အပြစ်မဆိုသာလှပေ။

အင်းဆက်ပိုးကောင်များသည်လည်း မြေဆီလွှာကို သမအောင်ရောနှောပြုပြင်ပေးလျက်ရှိနေကြသည်။ ၎င်းတို့သည် ကိုက်ဖြတ်တတ်သော သတ္တဝါများလောက် မြေဆီလွှာကို ပြုပြင်ပေးနိုင်စွမ်းအားမကြီးမားလှသော်လည်း မရေမတွက်နိုင်အောင်ပင်များပြားလှသော ပိုးတောင်မာများ၊ ပျားများနှင့် ယင်ကောင်များ စသည်တို့မှာ ၎င်းတို့၏ဘဝသက်တမ်းတစ်စိတ်တစ်ဒေသကို မြေဆီလွှာထဲ၌ ကုန်လွန်စေလျက် မြေဆီလွှာအမှုန့်များကို တစ်နေရာမှတစ်နေရာသို့ ရွှေ့လျားရောက်ရှိသွားစေလျက်ရှိကြသည်။

အင်းဆက်ပိုးကောင်များအနက် မြေဆီလွှာကို ပြုပြင်ရာတွင် အရေးအကြီးဆုံးသောအင်းဆက်များမှာ ပုရွက်ဆိတ်များပင်ဖြစ်ကြသည်။ အမြဲတမ်းလိုလိုပင် အလုပ်များနေကြသော ပုရွက်ဆိတ်အုပ်စုကြီးများသည် မြေဆီလွှာမျက်နှာပြင်ကို အပေါက်ပန်းခံပြီး တူးဆွကာ မြေမှုန့်ငယ်များစွာကို သယ်ဆောင်ယူငင်လျက်ရှိနေကြသည်ကို လူတိုင်းလိုလိုပင် တွေ့ဖူးမြင်ဖူးကြပေလိမ့်မည်။ ဤသို့အားဖြင့် ပုရွက်ဆိတ်တို့သည် မြေကိုရောနှောစေခြင်း၊ မြေကိုညက်ညောစေခြင်း၊ မြေကိုပွထစေခြင်းများကို ဆောင်ရွက်လျက်ရှိနေကြရာ ပုရွက်ဆိတ်တစ်အုပ်တစ်မသည် တန်ချိန်နှင့်ချီသော မြေဆီလွှာများကို စဉ်ဆက်မပြတ် ပြုပြင်ပေးလျက်ရှိနေကြသည်။

မြေဆီလွှာအကျိုးပြု တိရစ္ဆာန်များအနက် တီကောင်တို့၏အခန်းကဏ္ဍကလည်း အလွန်ပင်အရေးပါလှသည်။ တီကောင်တို့သည် မြေဆီလွှာအတွင်း၌ မှီတင်းနေထိုင်ကြရင်း မြေကိုတူးဆွခြင်းဖြင့် မြေဆီလွှာထဲသို့ လေကိုဝင်ရောက်နိုင်အောင် ပြုပြင်ပေးကြသည့်အပြင် တန်နှင့်ချီသော အောက်ခံမြေဆီလွှာကိုလည်း မြေမျက်နှာပြင်ဆီသို့ ပို့ဆောင်ပေးလျက်ရှိနေကြသည်။

ဂိုဖာမြေကြွက်၊ ပွေး၊ ပုရွက်ဆိတ်တို့သည် မြေဆီလွှာကို ပြုပြင်ပေးကြသလို အခြားတစ်ဖက်တွင်လည်း စိုက်ပျိုးရေးလုပ်ငန်းကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိနေကြသော်လည်း တီကောင်တို့ကမူ စိုက်ပျိုးရေးလုပ်ငန်းကို အနှောင့်အယှက်မပြု၊ မထိခိုက်စေဘဲ မြေသြဇာထက်သန်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးနေသည်ဖြစ်ရာ တောင်သူလယ်သမားတို့၏ မိတ်ဆွေဖြစ်လျက်ရှိသည်။

**❖မြေဆီလွှာအကျိုးပြုတိရစ္ဆာန်များအနက် တီကောင်တို့၏အခန်းကဏ္ဍကလည်း အလွန်ပင်အရေးပါလှသည်။ တီကောင်တို့သည် မြေဆီလွှာအတွင်း၌မှီတင်းနေထိုင်ကြရင်း မြေကိုတူးဆွခြင်းဖြင့် မြေဆီလွှာထဲသို့ လေကိုဝင်ရောက်နိုင်အောင် ပြုပြင်ပေးကြသည့်အပြင် တန်နှင့်ချီသောအောက်ခံမြေဆီလွှာကိုလည်း မြေမျက်နှာပြင်ဆီသို့ပို့ဆောင်ပေးလျက်ရှိနေကြသည်။ ဂိုဖာမြေကြွက်၊ ပွေး၊ ပုရွက်ဆိတ်တို့သည် မြေဆီလွှာကိုပြုပြင်ပေးကြသလို အခြားတစ်ဖက်တွင်လည်း စိုက်ပျိုးရေးလုပ်ငန်းကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိနေကြသော်လည်း တီကောင်တို့ကမူ စိုက်ပျိုးရေးလုပ်ငန်းကို အနှောင့်အယှက်မပြု၊ မထိခိုက်စေဘဲ မြေသြဇာထက်သန်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးနေသည်။❖**

သုတေသနပြုချက်များအရ မြေဧရိယာတစ်ဧက၌ မှီတင်းနေထိုင်သော တီကောင်တို့သည် တစ်နှစ်လျှင် တီကျစ်မြေ ၁၀ တန်ခန့် ထုတ်ပေးလျက်ရှိနေကြကြောင်း လေ့လာတွေ့ရှိရသည်။ ဤနည်းဖြင့် တွက်ချက်သော် နှစ်ပေါင်း ၁၅၀ ကြာမြင့်လာသည့်အခါ တီကောင်တို့စွန့်ထုတ်သော တီကျစ်မြေဆီလွှာ၏ ပမာဏမှာ လူတို့ထွန်ယက်ပေးသော မြေဆီလွှာ၏ ထုထည်ပမာဏနှင့်အညီအမျှဖြစ်လာသည်။

နှစ်ပေါင်း ၁၅၀ ဆိုသောကာလအပိုင်းအခြားမှာ ပျမ်းမျှလူ့သက်တမ်း၏ နှစ်ဆဖြစ်သော်လည်း ကမ္ဘာကြီး၏သက်တမ်းနှင့်စာလျှင် အလွန်တိုတောင်းသော အချိန်ကာလပင်ဖြစ်သည်။ သိပ္ပံပညာရှင်တို့က ကမ္ဘာ၏ သက်တမ်းကိုဖော်ပြသွန်းဆိုကြရာတွင် နှစ်ကာလကို ရာနှင့်ချီ၍မသုံးနှုန်းဘဲ သန်းနှင့်ချီ၍သာ သုံးနှုန်းကြသည့်အတွက် ကမ္ဘာကြီး၏သက်တမ်းတစ်လျှောက်လုံးတွင် တီကောင်တို့၏မြေဆီလွှာပြုပြင်ပေးခဲ့မှုအတိုင်းအဆပမာဏမှာ အလွန်ပင်ကြီးမားကျယ်ပြန့်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို ကမ္ဘာနှင့်အဝန်းအကျိုးပြုခဲ့ကြသည်။

တီကောင်တို့သည် မြေဆီလွှာမျက်နှာပြင်ကို အပေါက်များဖြစ်အောင် ဖောက်လုပ်ခြင်းဖြင့် မြေဆီလွှာအတွင်းမှ ရေပိုများစီးထွက်သွားအောင် ဆောင်ကြဉ်းပေးကြသည့်အပြင် မြေဆီလွှာနေရာအနှံ့အပြားသို့လည်း လေကိုဝင်ရောက်စေသည်။ တီကောင်တို့သည် မြေဆီလွှာကို မြေမျက်နှာပြင်ထက်သို့ ပို့ဆောင်ပေးကြရာတွင် ပုရွက်ဆိတ်ထက်ပင် ပိုမိုလျင်မြန်စွာ ဆောင်ရွက်ပေးကြသည်။

တီကောင်တို့၏အကျိုးပြုမှုကို မသိရှိ၊ နားမလည်ကြသော စိုက်ပျိုးရေးသမားတို့က စိုက်ခင်းအတွင်းရှိ တီကောင်များကို ဖယ်ရှားရှင်းလင်းသုတ်သင်ခဲ့သောကြောင့်လည်းကောင်း၊ ငါးမျှားရာတွင် ငါးစာအဖြစ် တီကောင်များကို တူးဖော်ယူငင်အသုံးပြုမှု လွန်ကဲမှုများကြောင့်လည်းကောင်း မြေဆီလွှာအတွင်း၌ မြေသြဇာ အလွန်အမင်းညံ့ဖျင်းနိမ့်ကျသွားသော သာဓကအများအပြားရှိခဲ့ဖူးသည်ကို စိုက်ပျိုးရေးသမားတို့က မမေ့အပ်ကြပေ။

တရုတ်နိုင်ငံရှိ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားတို့သည် တီကောင်၏မြေဆီလွှာအကျိုးပြုမှုကို ကောင်းစွာသိနားလည်ကြသည့်အတွက် စိုက်ပျိုးမြေကိုတူးဆွရာတွင် တီကောင်တို့ကို မထိခိုက်ရလေအောင် သတိကြီးစွာထား၍ လုပ်ကိုင်ကြခြင်းသည်လည်း တရုတ်နိုင်ငံကို စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိစေသည့်အဓိကကျသော အချက်တစ်ချက်ပင်ဖြစ်ပေသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း လယ်ငါးခူပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း လယ်ငါးခူပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေမြင့်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက လယ်ငါးခူပိသာချိန် ၄၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ လယ်ငါးခူပိသာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ငါးခူများ ပိုမိုတင်ပို့လာရသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လယ်ငါးခူတင်ပို့အားကောင်းတော့ အဓိကအဆင်ပြေနေတာကတော့ ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးခူပိသာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ လက်ရှိအချိန်က ဒေသမှာ လယ်ငါးခူတွေထွက်ရှိနေတဲ့အချိန်ပါ။ ဒီလယ်ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်တွေကောင်းပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ဘက်ကို စနစ်တကျသန့်စင်ပြီးတင်ပို့တာပါ"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် လယ်ငါးခူပိသာချိန် ၁၀ လျှင် ငွေကျပ် ၁၅၅၀၀၀ မှ ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ကြောင်း၊ အဆိုပါလယ်ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါလယ်ငါးခူများ ဝယ်ယူအားကောင်းလာသည့်အတွက် ရေချိုငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ရေချိုငါးခူရှာဖွေသူလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**လင်းခေး ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တိန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝမ်တိန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်ဘီးလမ်းကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်တိန်းကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် ပေ ၁၅၀၀၊ အကျယ် သုံးပေ၊ အမြင့် လေးလက်မ စီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅၃ သန်းအသုံးပြု၍ ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဝမ်တိန်းကျေးရွာရှိ ဒေသခံပြည်သူများ၏ သွားလာရေးအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ညီညာမှ ပြည်သာမည်

\- ညီညာမှ ပြည်သာ၏
ဂုဏ်ရှိဘိ တို့မြန်မာ၊
မညီညာ သွေးရယ်ကွဲတော့
ကျားဆွဲမည်သာ၊
သို့အတွက် ပြည်မဟာ
ညီညီညာညာ ရှိစေဖို့၊
စည်းလုံးလျှင် ပြည်ထောင်စု
ဂုဏ်ထုလှလို့။

\- ထင်းစည်းပမာ စဉ်သာရှိ
ကာကွယ်ဘိ နိုင်ငံတော်၊
တို့ပြည်သူ တိုင်းရင်းသား
ခွန်အားတွေဖော်၊
အနာဂတ် ရွှင်ပျော်ပျော်
ထမ်းစို့နော် ရွှေပြည်အကျိုး၊
နိုင်ငံကို ချစ်သောစိတ်
ထိပ်တန်းသယ်ပိုး။

\- ဘက်စုံသာ နိုင်ငံ့အရေး
သွေးစည်းမနှေး ထမ်းရွက်စေ၊
အမျိုးဂုဏ် ဇာတိအစွမ်း
ဂုဏ်လွှမ်းတည်နေ၊
သမိုင်းလှ မြန်မာ့မြေ
သွေးချင်းတွေ လက်တွဲ၊
ကျက်သရေ မင်္ဂလာတိုးမည်
ကြိုးစားဆင်နွဲ။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးကို မြောက်ကိုရီးယားမီဒီယာများ ဝေဖန်

ပြုံယမ်း ဒီဇင်ဘာ ၁၆

စစ်အုပ်ချုပ်ရေး ဥပဒေ ထုတ်ပြန်ကြေညာရန် ကြိုးစားခဲ့ပြီးနောက် လွှတ်တော်၏စွပ်စွဲပြစ်တင်မှုနှင့် ရင်ဆိုင်နေရသည့် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးကို မြောက်ကိုရီးယားမီဒီယာများက ယနေ့တွင် ပထမဆုံးအကြိမ်အဖြစ် ဝေဖန်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား အစိုးရ၏ ကေစီအင်န်အေရုပ်သံသတင်းဌာနသည် ယနေ့တွင် တောင်ကိုရီးယား နိုင်ငံရေးအကျပ်အတည်းနှင့်ပတ်သက်၍ သတင်းတစ်ပုဒ်ထုတ်လွှင့်ခဲ့ရာ တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးကိုသူပုန်ခေါင်းဆောင်အဖြစ် ဝေဖန်ခဲ့သည်။

ထို့ပြင် စစ်အုပ်ချုပ်ရေးဥပဒေကြေညာမှုနှင့်ပတ်သက်၍ အတိုက်အခံပါတီများကို အပြစ်ပုံချရန် သမ္မတယွန်ဆွတ်ယိုးက ကြိုးပမ်းခဲ့ကြောင်းလည်း ကေစီအင်န်အေသတင်းဌာနက ဝေဖန်ခဲ့သည်။

ယွန်ဆွတ်ယိုး၏ စစ်အုပ်ချုပ်ရေးဥပဒေကြေညာရန် ကြိုးပမ်းမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံရေး အကျပ်အတည်းတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယားနိုင်ငံက ယွန်ဆွတ်ယိုးကို ဝေဖန်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ယွန်ဆွတ်ယိုးသည် ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးဥပဒေကြေညာရန် ကြိုးစားခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံမှာ နိုင်ငံရေး အကျပ်အတည်းတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည်။

သမ္မတ ယွန်ဆွတ်ယိုး၏ လက်ထက်တွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ကြား ဆက်ဆံရေး အထူးတင်းမာခဲ့ရကြောင်း သိရသည်။ Ref : RT

Trs : KKO

# ဒပ်ဘ်လင်မြို့ရှိ အစ္စရေးသံရုံးကို ပိတ်သိမ်းရန် အစ္စရေးအစိုးရဆုံးဖြတ်

ဒပ်ဘ်လင် ဒီဇင်ဘာ ၁၆

အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့ရှိ အစ္စရေးသံရုံးကို ပိတ်သိမ်းမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အိုင်ယာလန်အစိုးရ၏ လွန်ကဲသော အစ္စရေးဆန့်ကျင်ရေး ရပ်တည်ချက် သဘောထားကြောင့် ဒပ်ဘ်လင်မြို့ရှိ အစ္စရေးသံရုံးကို ပိတ်သိမ်းရန် ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိုင်ယာလန်နိုင်ငံသည် ပါလက်စတိုင်းဒေသကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုထားသလို ဂါဇာကမ်းမြောင်စစ်ပွဲအတွက် အစ္စရေးကိုအရေးယူရန်နိုင်ငံတကာကြိုးပမ်းမှုများကို ထောက်ခံထားသည့်နိုင်ငံဖြစ်သည်။

အိုင်ယာလန်နိုင်ငံသည် ယခုနှစ်မေလအတွင်း ပါလက်စတိုင်းဒေသကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။

အိုင်ယာလန်အစိုးရ၏ အဆိုပါလုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးအစိုးရက အိုင်ယာလန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးကို ပြန်လည်ခေါ်ယူထားသည်။

ဒပ်ဘ်လင်မြို့ရှိ အစ္စရေးသံရုံးအား ပိတ်သိမ်းမည့်အစ္စရေးအစိုးရ၏ဆုံးဖြတ်ချက်အတွက် မိမိတို့စိတ်မကောင်းဖြစ်ရသည်ဟု အိုင်ယာလန်အစိုးရက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ၂၀၂၅ ခုနှစ် နှစ်ကုန်သို့မဟုတ် ၂၀၂၆ ခုနှစ် နှစ်စတွင် ဘင်္ဂလားဒေ့ရှ်၌ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်



ဒါကာ ဒီဇင်ဘာ ၁၆

ဘင်္ဂလားဒေ့ရှ်အထွေထွေ ရွေးကောက်ပွဲများကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရခေါင်းဆောင် မိုဟာမက်ယူနွတ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မိုဟာမက်ယူနွတ် ဦးဆောင်သော ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့သည် အထွေထွေရွေးကောက်ပွဲကျင်းပပေးမည့်နေ့ရက်ကာလကို သတ်မှတ်ပေးရန် ဖိအားပေးတောင်းဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

မိမိတို့ကြားဖြတ် အစိုးရအဖွဲ့အနေဖြင့် အထွေထွေရွေးကောက်ပွဲများကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၂၆ ခုနှစ် ပထမခြောက်လအတွင်းကျင်းပရန် စီစဉ်ထားကြောင်း မူဟာမက်ယူနွတ်က ယနေ့ရုပ်သံမိန့်ခွန်း၌ ထုတ်ဖော်ပြောကြားထားသည်။

ယခုနှစ် ဩဂုတ်လအတွင်း ဝန်ကြီးချုပ်ဟောင်း ဟာစီနာ ရာထူးမှ ဖြုတ်ချခံခဲ့ရပြီးနောက် အသက် ၈၇ နှစ်ရှိ မိုဟာမက်ယူနွတ်ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ယာယီဦးဆောင်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရအဖွဲ့သည် အထွေထွေရွေးကောက်ပွဲများ ကျင်းပနိုင်ချိန်ထိ တာဝန်ယူပေးရမည်ဖြစ်သည်။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲမကျင်းပသေးမီ ကာလအတွင်း ရွေးကောက်ပွဲ စည်းမျဉ်းဥပဒေများကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း မိုဟာမက်ယူနွတ်က ယနေ့မိန့်ခွန်း၌ ပြောကြားထားသည်။ Ref : RT

Trs : KKO

# အမေရိကန်ရေတပ်မှစစ်သင်္ဘောတစ်စီး ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနေ့ဗီးလ်ဆိပ်ကမ်းသို့ ရောက်ရှိ

ဖနွမ်းပင် ဒီဇင်ဘာ ၁၆

အမေရိကန်ရေတပ်မှစစ်သင်္ဘောတစ်စီးသည် ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနေ့ဗီးလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။

ဆီဟာနေ့ဗီးလ် ဆိပ်ကမ်းသို့ ရောက်ရှိလာသော ယူအက်စ်အက်စ်ဆာဗားနားစစ်သင်္ဘောကို ကမ္ဘောဒီးယားရေတပ်တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ယူအက်စ်အက်စ်ဆာဗားနားသည် ရှစ်နှစ်တာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ဆိပ်ကမ်းဝင်ရောက်ခဲ့သည့် ပထမဆုံးအမေရိကန်စစ်သင်္ဘော ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ အဓိကအရှေ့တောင်အာရှ မဟာမိတ်နိုင်ငံဖြစ်သည်။



ယူအက်စ်အက်စ်ဆာဗားနားစစ်သင်္ဘောသည် ဆီဟာနေ့ဗီးလ်ဆိပ်ကမ်း၌ ငါးရက်ကြာဆိုက်ကပ်ထားမည်ဖြစ်သည်။

ယူအက်စ်အက်စ် ဆာဗားနားသည် ကမ္ဘောဒီးယားနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို မြှင့်တင်ရန်ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO

# ဒမတ်စကတ်မြို့ရှိ ဆီးရီးယားနိုင်ငံဆိုင်ရာ ကာတာသံရုံးကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်

ဒိုဟာ ဒီဇင်ဘာ ၁၆

ဒမတ်စကတ်မြို့ရှိ ဆီးရီးယားနိုင်ငံဆိုင်ရာ ကာတာသံရုံးကို ပြန်လည်ဖွင့်လှစ်ရန် ကာတာနိုင်ငံက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကာတာနိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ် စတင်ချိန် ၂၀၁၁ ခုနှစ်မှစ၍ လက်ရှိအထိ ကာတာနိုင်ငံသည် ၎င်း၏ဆီးရီးယားနိုင်ငံဆိုင်ရာ သံရုံးကို ၁၃ နှစ်ကြာပိတ်ထားခဲ့ရသည်။

သို့သော် ကာတာနိုင်ငံအနေဖြင့် ဒမတ်စကတ်မြို့ရှိ ဆီးရီးယားနိုင်ငံဆိုင်ရာ ကာတာသံရုံးကို မကြာမီကာလအတွင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယား သူပုန်တပ်များက သမ္မတဟောင်းအာဆတ် ဦးဆောင်သည့် ဆီးရီးယားအစိုးရကိုဖြုတ်ချခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံဆိုင်ရာ ကာတာသံရုံးကို ပြန်လည်ဖွင့်လှစ်ရန် ကာတာအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ကာတာနိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ်စတင်ခဲ့သော ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ သံရုံးကိုပိတ်သိမ်းခဲ့ပြီး ဆီးရီးယားနိုင်ငံဆိုင်ရာ ကာတာ သံအမတ်ကြီးကိုလည်း ပြန်လည်ခေါ်ယူခဲ့သည်။

ဆီးရီးယား သူပုန်တပ်များသည် ဒီဇင်ဘာ ၈ ရက်တွင်ဒမတ်စကတ်မြို့ကို အံ့အားသင့်ဖွယ် ထိန်းချုပ်နိုင်ခဲ့ရာ သမ္မတဟောင်း အာဆတ်၏ ဆီးရီးယားအစိုးရ ပြိုလဲခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက ESCAPADE မစ်ရှင် ဂြိုဟ်တုနှစ်စင်းကို ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်ကြားလွှတ်တင်ရန် ရည်ရွယ်ထား



**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် ESCAPADE အမည်ရှိ မစ်ရှင်ဂြိုဟ်တုနှစ်စင်းကို ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်ကြား လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် မူလက ESCAPADE မစ်ရှင်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံဖြင့် ယခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ခဲ့သည်။

သို့ရာတွင် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံ လွှတ်တင်ချိန် နှောင့်နှေးနိုင်မှုကြောင့် နာဆာအဖွဲ့သည် ESCAPADE အင်္ဂါဂြိုဟ် လေ့လာရေးမစ်ရှင် ယခုနှစ်အတွင်း လွှတ်တင်မည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

သို့ရာတွင် မိမိတို့အနေဖြင့် ESCAPADE မစ်ရှင်ကို ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်ကြား လွှတ်တင်ရန် စီစဉ်ထားကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ESCAPADE မစ်ရှင်ဂြိုဟ်တုနှစ်စင်းသည် လွှတ်တင်ပြီး ၁၁ လအကြာတွင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်းဝင်ရောက်၍ အင်္ဂါဂြိုဟ်သံလိုက်စက်ကွင်းလွှာကို လေ့လာမည်ဖြစ်သည်။

ESCAPADE မစ်ရှင် ဂြိုဟ်တုနှစ်စင်းကို Rocket Lab ကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Space One ပုဂ္ဂလိကအာကာသကုမ္ပဏီက ကိုင်းရော့စ်ဒုံးပျံဖြင့် ဂြိုဟ်တုတစ်စင်းလွှတ်တင်ရေးအစီအစဉ်ကို ဒုတိယအကြိမ် ထပ်မံရွှေ့ဆိုင်းခဲ့ရ

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံအခြေစိုက် Space One ပုဂ္ဂလိကအာကာသကုမ္ပဏီသည် ကိုင်းရော့စ်အမည်ရှိ ဒုံးပျံဖြင့် ဂြိုဟ်တုတစ်စင်း လွှတ်တင်ရေးအစီအစဉ်ကို ဒုတိယအကြိမ် ထပ်မံရွှေ့ဆိုင်းခဲ့ရကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Space One ကုမ္ပဏီသည် မူလက ကိုင်းရော့စ်ဒုံးပျံကို ဒီဇင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း လေတိုက်နှုန်း ပြင်းထန်နေမှုကြောင့် ဒီဇင်ဘာ ၁၅ ရက်တွင် လွှတ်တင်ရန် ကာလရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဒီဇင်ဘာ ၁၅ ရက်တွင်လည်း လေတိုက်နှုန်း ထပ်မံပြင်းထန်နေဆဲဖြစ်ရာ Space One ကုမ္ပဏီအနေဖြင့် ကိုင်းရော့စ်ဒုံးပျံ လွှတ်တင်ရေးအစီအစဉ်ကို ဒုတိယ




အကြိမ်အဖြစ် ထပ်မံရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်။

Space One ကုမ္ပဏီသည် ကိုင်းရော့စ်ဒုံးပျံကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပါက ကမ္ဘာ့ပတ်လမ်းပေါ်သို့ ဂြိုဟ်တုတစ်စင်း ပို့ဆောင်နိုင်ခဲ့သော ပထမဆုံး ဂျပန်ကုမ္ပဏီအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

Space One ကုမ္ပဏီသည် ယခုနှစ် မတ်လအတွင်း ကိုင်းရော့စ်ဒုံးပျံကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဒုံးပျံသည် လွှတ်တင်ပြီး မကြာမီမှာပင် လေထုလွှာအတွင်း ပေါက်ကွဲခဲ့ရပြီး သယ်ဆောင်ထားသည့် ဂျပန်အစိုးရ စမ်းသပ်ဂြိုဟ်တုတစ်စင်း ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကမ္ဘာဂြိုဟ်၏ မြေအောက်၌ခိုအောင်းနေသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ပမာဏက တန်ချိန် ၆ ဒသမ ၂ ထရီလီယံထိ ရှိနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

ကမ္ဘာဂြိုဟ်၏ မြေအောက်၌ ခိုအောင်းနေသော ဟိုဟ်ဒရိုဂျင် ဓာတ်ငွေ့ပမာဏမှာ တန်ချိန် ၆ ဒသမ ၂ ထရီလီယံထိ ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ကမ္ဘာမြေအောက်၌ တည်ရှိနေသည့် အဆိုပါဟိုက်ဒရိုဂျင် ဓာတ်ငွေ့များသည် ကမ္ဘာဂြိုဟ်ကို နှစ်ပေါင်း ၁၀၀၀ ထိ စွမ်းအင်အလုံအလောက် ဖြည့်ဆည်းပေးနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေအောက်၌ တည်ရှိနေသည့် အထက်ပါဟိုက်ဒရိုဂျင် ဓာတ်ငွေ့ပမာဏမှ အနည်းငယ်ကို ထုတ်သုံးနိုင်လျှင်ပင် ကမ္ဘာကြီးအနေဖြင့် စွမ်းအင်အတွက် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေရမှုကို နှစ် ၂၀၀ ခန့်ကြာ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေအောက်ရှိ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များသည် ဘူမိဓာတုပြောင်းလဲမှု ဖြစ်စဉ်များအတွင်း သဘာဝအလျောက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

မြေအောက် ဟိုက်ဒရိုဂျင် ဓာတ်ငွေ့သိုက်များကို လက်ရှိတွင် ကမ္ဘာ့နေရာ အနည်းငယ်တွင်သာ တွေ့ရသေးသော်လည်း မြေအောက်၌ ခိုအောင်းနေဆဲဖြစ်သည့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ပမာဏမှာ တန်ချိန် ၆ ဒသမ ၂ ထရီလီယံထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဘူမိဟိုက်ဒရိုဂျင် ဓာတ်ငွေ့များကို ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော စွမ်းအင်အရင်းအမြစ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## HPH-15 ဓာတုဒြပ်ပေါင်းတစ်မျိုးက ဆီးချိုရောဂါအတွက် ထိရောက်သည့်ကုထုံးဖြစ်နိုင်

**တိုကျို ဒီဇင်ဘာ ၁၆**

HPH-15 အမည်ရှိ ဓာတုဒြပ်ပေါင်းတစ်မျိုးသည် ဆီးချိုရောဂါအတွက် ထိရောက်သည့် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ ကူမာမိုတိုတက္ကသိုလ်မှ သုတေသနပညာရှင်များက ဖန်တီးထားသည့် HPH-15 ဓာတုဒြပ်ပေါင်းသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကို ထိရောက်စွာလျှော့ချနိုင်သကဲ့သို့ ကိုယ်တွင်းအဆီဓာတ်စုစည်းမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

လူသားတစ်ရှူး နမူနာများဖြင့် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုမှ ပေါ်ထွက်လာသော ရလဒ်များအရ HPH-15 ဓာတုဒြပ်ပေါင်းသည် မက်ဖော်မင် (Metformin) ထက်ပင် သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှင့် အဆီစုစည်းမှုတို့ကို လျှော့ချရာတွင် ပိုထိရောက်သည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

HPH-15 ဓာတုဒြပ်ပေါင်းသည် ကိုယ်တွင်းစွမ်းအင် ဟန်ချက်ကို ထိန်းညှိပေးသည့် Ampk ခေါ် ပရိုတင်းတစ်မျိုးကို အားပေးစေ့ဆော်ကြောင်း သိရသည်။

HPH-15 ဓာတုဒြပ်ပေါင်းသည် အဆီဓာတ်စုစည်းမှုကို လျှော့ချရာတွင် မက်ဖော်မင်ထက် ၄၄ ရာခိုင်နှုန်း ပိုထိရောက်ကြောင်း ဂျပန်သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## အသက် ၅၀ အောက် ကမ္ဘာ့ပြည်သူငါးဦးလျှင် တစ်ဦးက လိင်ဆက်ဆံမှုမှတစ်ဆင့် ရေယုန်ရောဂါတစ်မျိုး ကူးစက်ခံထားရ

**လန်ဒန် ဒီဇင်ဘာ ၁၆**

အသက် ၅၀ အောက် ကမ္ဘာ့ပြည်သူငါးဦးလျှင် တစ်ဦးသည် လိင်ဆက်ဆံမှုမှတစ်ဆင့် ဖြစ်ပွားတတ်သည့် Genital Herpes ခေါ် ရေယုန်ရောဂါတစ်မျိုး ကူးစက်ခံထားရကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၅၀ အောက် ကမ္ဘာ့ပြည်သူ ၈၄၆ သန်းတို့မှာ Genital Herpes ရေယုန်ရောဂါ ခံစားနေရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၀ ပြည့်နှစ် တစ်နှစ်တည်းမှာပင် Genital Herpes ရေယုန်ရောဂါကူးစက်မှုဖြစ်စဉ်သစ် ၄၂ သန်းထိ ရှိခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။


Genital Herpes ရေယုန်ရောဂါသည် Herpes Simplex Virus ခေါ် ဗိုင်းရပ်ပုံစံနှစ်မျိုးကြောင့် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ပြီး ကုသ၍မရနိုင်ကြောင်း သိရသည်။

HSV-1 နှင့် HSV-2 ဟူ၍ အမည်ပေးထားသော ၎င်းဗိုင်းရပ်ပုံစံနှစ်မျိုးသည် အရေပြားချင်းထိရာမှတစ်ဆင့် ကူးစက်နိုင်သော ဗိုင်းရပ်များဖြစ်ကြကြောင်း သိရသည်။

HSV-1 နှင့် HSV-2 ဗိုင်းရပ်များကို ဗိုင်းရပ်သတ်ဆေးများ နေ့စဉ်သောက်၍ ဗိုင်းရပ်ပမာဏကို လျှော့ချနိုင်ပြီး အခြားသူများထံ ကူးစက်နိုင်ခြေကိုပါ လျှော့ချပေးထားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို နော့ရစ် ဆွတ်ခူး

**မာလာလိန်း ဒီဇင်ဘာ ၁၆**

တောင်အာဖရိကနိုင်ငံ မာလာလိန်းမြို့တွင် ကျင်းပခဲ့သည့် Alfred Dunhill Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား နော့ရစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့မှ တတိယနေ့ပြီးဆုံးသည်ထိ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော ဆွီဒင်ဂေါက်သီးရိုက်ကစားသမား မားကပ်စ်၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ပါရီ၊ တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ရိုင်ယန်ဗန်ဗယ်ဇန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

စပိန်ဂေါက်သီးရိုက် ကစားသမား အယိုရာနှင့် နယ်သာလန်ဂေါက်သီးရိုက်ကစားသမား ဗန်ဒရီရယ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

တောင်အာဖရိကပရိသတ်များက အိမ်ရှင်ကစားသမားတစ်ဦးဦးမှ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် မျှော်လင့်နေကြပြီး မျှော်လင့်ထားသည့်အတိုင်းပင် နော့ရစ်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲဝင်များသည် နောက်ဆုံးနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ကြရပြီး နောက်ဆုံးနေ့တွင် နော့ရစ်က အကောင်းဆုံး ကစားနိုင်ခဲ့၍ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် အခွင့်အရေးကောင်းများပိုင်ဆိုင်ထားသည့် မားကပ်စ်ကိုကျော်ဖြတ်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက အင်္ကျီရင်ဘတ် စပွန်ဆာအတွက် လေကြောင်းလိုင်းသုံးခုနှင့် နည်းပညာကုမ္ပဏီနှစ်ခုတို့ဖြင့် ဆွေးနွေးလျက်ရှိပြီး မကြာမီရင်ဘတ်စပွန်ဆာအတွက် တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။
- ဝုဗ်အသင်းက နည်းပြသစ်ရာထူးအတွက် ဆော်ဒီကလပ် အယ်ရှာဘတ်အသင်းနည်းပြ ပါရဲရားကို စာချုပ်ဖျက်သိမ်းကြေးပေး၍ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- စပါးအသင်းနှင့် မန်ယူအသင်းတို့က ဘရားဇီးကလပ် ဘိုတာဖိုဂိုအသင်းဂိုးသမား ဗစ်တာကိုခေါ်ယူနိုင်ရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- လီဗာပူးအသင်းနည်းပြ စလော့က အသင်းခံစစ်ပိုင်းတွင် ဒဏ်ရာရရှိနေသည့် ခံစစ်ကစားသမား ရော်ဘင်ဆန်၊ တက်စီမီကက်နှင့် ကိုနာတီတို့အနေဖြင့် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည့် အချိန်ကို မသိရသေးကြောင်း ပြောကြားခဲ့သည်။

ML

# စကော့တလန်လိဂ်ဖလား ဖိုင်နယ်ပွဲတွင် ဆဲလ်တစ်အသင်းအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး



**အီဒင်ဘာ့ဂ် ဒီဇင်ဘာ ၁၆**

စကော့တလန် ပြည်တွင်းဖလားပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်တွင် ဆဲလ်တစ်အသင်းနှင့် ရိန်းဂျားအသင်းတို့ တွေ့ဆုံခဲ့ရာ ဆဲလ်တစ်အသင်းက ရိန်းဂျားအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့ပြီး ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆဲလ်တစ်အသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် ရိန်းဂျားအသင်းက ဦးဆောင်ဂိုးရရှိခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဆဲလ်တစ်အသင်းက တိုက်စစ်မြှင့်တင်လာခဲ့ရာ ပွဲချိန် ၅၆ မိနစ်တွင် ချေပဂိုးနှင့် ပွဲချိန် မိနစ် ၆၀ တွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ရိန်းဂျားအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့ရာ ပွဲချိန် ၇၅ မိနစ်တွင် ချေပဂိုးပြန်လည်ရရှိခဲ့သည်။

ထို့နောက် ဆဲလ်တစ်အသင်းက ပြန်လည်ဖိအားပေးခဲ့သဖြင့် ပွဲချိန် ၈၇ မိနစ်တွင် တတိယဂိုးရရှိခဲ့ပြီးနောက် ပွဲချိန် ၈၈ မိနစ်တွင် ရိန်းဂျားအသင်း ချေပဂိုးပြန်လည်ရရှိခဲ့၍ အချိန်ပိုဆက်လက်ကစားခဲ့ရာ ဂိုးမရခဲ့သောကြောင့် ပင်နယ်တီကန်သွင်းခဲ့ရပြီး ဆဲလ်တစ်အသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းသည် လိဂ်ဖလားသမိုင်းတွင် ယခုတစ်ကြိမ်အပါအဝင် ၃၇ ကြိမ်ထိ ဖိုင်နယ်ပွဲတက်ရောက်ခဲ့ရာ ချန်ပီယံဆု ၂၂ ကြိမ်ထိ ရရှိခဲ့ကြောင်းသိရသည်။

Ref : Fotmob

Trs : ML

# မန်ယူအသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်မန်ချက်စတာဒါဘီပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ဒုတိယမြောက်နည်းပြအဖြစ် နည်းပြအာမိုရင်မှတ်တမ်းဝင်

**မန်ချက်စတာ ဒီဇင်ဘာ ၁၆**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၆)အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက် မန်ချက်စတာဒါဘီပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ဒုတိယမြောက်နည်းပြအဖြစ် နည်းပြအာမိုရင် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်း သမိုင်းတစ်လျှောက် ပွဲဦးထွက်မန်ချက်စတာဒါဘီပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ပထမဆုံးနည်းပြအဖြစ် အသင်းဂန္ထဝင်နည်းပြကြီး ဖာဂူဆန်က ပြီးခဲ့သည့် ၁၉၈၂-၁၉၈၃ ဘောလုံးရာသီက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကာ နည်းပြဖာဂူဆန်နောက်ပိုင်းတွင် မန်ယူအသင်းနည်းပြအဆက်ဆက် ပွဲဦးထွက် မန်ချက်စတာဒါဘီပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သည့် နည်းပြမရှိခဲ့ဘဲ နည်းပြအာမိုရင်က ဖာဂူဆန်နောက်ပိုင်း ဒုတိယမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း သမိုင်းတစ်လျှောက်တွင် ဖာဂူဆန်နောက်ပိုင်း၌ ပွဲဦးထွက် မန်ချက်စတာဒါဘီပွဲစဉ်များတွင် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက နည်းပြဒေးဗစ်မိုယက်စ်လက်ထက်တွင် လေးဂိုး တစ်ဂိုး၊၂၀၁၄-၂၀၁၅ ဘောလုံးရာသီက နည်းပြဗန်ဟားလက်ထက်တွင် တစ်ဂိုး ဂိုးမရှိ၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက နည်းပြမော်ရင်ဟိုလက်ထက်တွင် နှစ်ဂိုး တစ်ဂိုး၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက နည်းပြ ဆိုးရှားလက်ထက်တွင် နှစ်ဂိုး ဂိုးမရှိ၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက နည်းပြရင်းနစ်လက်ထက်တွင် လေးဂိုး တစ်ဂိုး၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက နည်းပြတန်ဟတ်လက်ထက်တွင် ခြောက်ဂိုး သုံးဂိုးဖြင့် အသီးသီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



နည်းပြအာမိုရင်သည် စပို့တင်းလစ္စဘွန်းအသင်းကို တာဝန်ယူကိုင်တွယ်စဉ်ကလည်း နည်းပြဂွါဒီယိုလာကို အနိုင်ရရှိခဲ့ကာ ယခုအခါတွင်လည်း မန်ယူအသင်းနည်းပြအဖြစ် နည်းပြဂွါဒီယိုလာကို ထပ်မံအနိုင်ရရှိခဲ့ပြီး နှစ်ကြိမ်ထိ အနိုင်ရယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Opte.com

Trs : STA

# မြန်မာအသင်းနှင့် လာအိုအသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်ခများကို ငွေကျပ် ၅၀၀၀၊ ၂၀၀၀ သတ်မှတ်ထားပြီး ဒီဇင်ဘာ ၁၈ ရက်ထိ ရောင်းချပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ်ကစားမည့် မြန်မာအသင်းနှင့် လာအိုအသင်းတို့ပွဲစဉ်အတွက် လက်မှတ်ခများကို အထူးတန်းအတွက် ငွေကျပ် ၅၀၀၀ နှင့် ရိုးရိုးတန်းအတွက် ငွေကျပ်၂၀၀၀ သတ်မှတ်ထားပြီး ဒီဇင်ဘာ ၁၈ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်သည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့သည် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းတွင် ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် လာအိုအသင်းတို့ ကစားမည့် ပွဲစဉ်အတွက် လက်မှတ်များကို ဒီဇင်ဘာ ၁၅ ရက်မှစတင်ပြီး ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး ဝေဇယန္တာလမ်းမကြီး သုဝဏ္ဏအားကစားကွင်းရှေ့တွင် နံနက် ၁၀ နာရီမှ စတင်ပြီး ညနေ ၄ နာရီထိ ရောင်းချပေးလျက်ရှိနေသည်။

အဆိုပါပွဲစဉ်အတွက် လက်မှတ်များကို ပြိုင်ပွဲကစားမည့်နေ့ဖြစ်သည့် ဒီဇင်ဘာ ၁၈ ရက်တွင်လည်း နံနက် ၁၁ နာရီမှစတင်ပြီး သုဝဏ္ဏအားကစားကွင်း ဂိတ်(၂)တွင် အထူးတန်းအတွက် လက်မှတ်များကိုလည်းကောင်း၊ ဂိတ်(၈)တွင် ရိုးရိုးတန်းအတွက် လက်မှတ်များကိုလည်းကောင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုနှစ်ပွဲကစားပြီးချိန်၌ ပထမပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး ဒုတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းနှင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ထားကာ နိုင်ပွဲမရရှိသေးဘဲ အုပ်စုအောက်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။

STA

# Dubai Duty Free Tennis Championships ပြိုင်ပွဲတွင် ဆာဘာလင်ကာ၊ စဝီယာတက်ခ်နှင့် လက်ရှိချန်ပီယံ ပါအိုလီနီတို့ ပါဝင်ယှဉ်ပြိုင်မည်



ဒူဘိုင်း ဒီဇင်ဘာ ၁၆

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပသွားမည့် Dubai Duty Free Tennis Championships ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ အီတလီ တင်းနစ်မယ် ပါအိုလီနီက ချန်ပီယံကို ကာကွယ်နိုင်ရေးအတွက် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

ယင်းအပြင် ယခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁) နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သလို WTA ၏ တစ်နှစ်တာအကောင်းဆုံး တင်းနစ်မယ်ဆုကိုပါ ဆွတ်ခူးခဲ့သည့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကမ္ဘာ့အဆင့်(၂)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည့် ပိုလန် တင်းနစ်မယ် စဝီယာတက်ခ်တို့ ကလည်း ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ကြသည်။

Dubai Duty Free Tennis Championships ပြိုင်ပွဲ ကျင်းပလာသည်မှာ ၂၅ နှစ်မြောက်ရှိလာပြီဖြစ်ပြီး ၂၅ ကြိမ်မြောက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသွားမည်လည်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ ရာမက်ရှ် စီဒမ်ဘီက"၂၀၂၅ ခုနှစ်မှာ ကျင်းပသွားမယ့် Dubai Duty Free Tennis Championships တင်းနစ်ပြိုင်ပွဲဟာ ၂၅ ကြိမ်မြောက် ကျင်းပသွားမယ့် ပြိုင်ပွဲဖြစ်တဲ့အတွက် အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ Dubai Duty Free Tennis Championships တင်းနစ်ပြိုင်ပွဲဟာ ၂၀၂၃ ခုနှစ်ကနေစတင်ပြီးတော့ WTA 1000 Tour ရဲ့ တရားဝင်ပြိုင်ပွဲအနေနဲ့ သတ်မှတ်ခံခဲ့ရပြီးတော့ တင်းနစ်လောကမှာ ကြီးကျယ်ခမ်းနားတဲ့ ပြိုင်ပွဲတစ်ရပ် ဖြစ်လာအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ၂၀၂၅ ခုနှစ်မှာတော့ လက်ရှိချန်ပီယံလဲ ပါဝင်ယှဉ်ပြိုင်မှာဖြစ်သလို ကမ္ဘာ့အကောင်းဆုံးတင်းနစ်မယ်တွေလဲ ပါဝင်ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# WBC International စူပါဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို လီကက်လာ ဆွတ်ခူး

လီဗာပူး ဒီဇင်ဘာ ၁၆

WBC International စူပါဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဗြိတိန်လက်ဝှေ့သမား လီကက်လာနှင့် အိုင်ယာလန် လက်ဝှေ့သမား စတီဖင် မက်ကန်နာတို့ ဒီဇင်ဘာ ၁၅ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့၌ ထိုးသတ်ခဲ့ရာ လီကက်လာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်အား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လီကက်လာသည် စတီဖင်မက်ကန်နာအား ပထမအချီတွင် တစ်ကြိမ်၊ သတ္တမအချီတွင် တစ်ကြိမ် လဲကျအောင် ထိုးသတ်သွားနိုင်ခဲ့သော်လည်း စတီဖင်မက်ကန်နာက အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ခြင်းကြောင့် လီကက်လာက ဒိုင်အမှတ်ဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့် အနက် ပထမအမှတ်ပေးဒိုင်က (၉၄-၉၄) မှတ်ဖြင့် သရေရလဒ်အဖြစ် သတ်မှတ်ခဲ့ပြီး ဒုတိယ အမှတ်ပေးဒိုင်က (၉၅-၉၃)မှတ် ဖြင့်လည်းကောင်း၊ တတိယအမှတ်ပေးဒိုင်က (၉၆-၉၂)မှတ်ဖြင့်လည်းကောင်း လီကက်လာကို အနိုင်ပေးခဲ့သည်။

လီကက်လာက "တော်တော်လေးကိုခက်ခဲတဲ့ စိန်ခေါ်ပွဲတစ်ပွဲပါ။ အခြေအနေတွေကလဲ တော်တော်လေးကို ရှုပ်ထွေးခဲ့သလို နှစ်ယောက်စလုံးကလဲ ချန်ပီယံ ခါးပတ်အတွက် အကောင်းဆုံး ကြိုးစားခဲ့ကြတယ်။ ကျွန်တော် အရမ်းနှစ်သက်ခဲ့ရတဲ့ စိန်ခေါ်ပွဲတစ်ပွဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝိတ်တန်းမှာ စတီဖင်ဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်ပေမယ့်လဲ ကျွန်တော့်အနေနဲ့ သူ့ကိုရှောင်လွှဲနေစရာ အကြောင်းမရှိတဲ့အတွက် စိန်ခေါ်ပွဲကို ထိုးသတ်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက်တိုင်းအတွက် ခက်ခဲနေတဲ့ ပြိုင်ဘက်ကို အကောင်းဆုံး အနိုင်ယူပြနိုင်ခဲ့တယ်။ စတီဖင်နဲ့ ပွဲစဉ်အတွက် ကျွန်တော်အများကြီး ပြင်ဆင်ခဲ့ရသလို လေ့ကျင့်ပြင်ဆင်မှုတွေကိုလဲ အကောင်းဆုံး ပြုလုပ်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



# ပါကွီတာကိုရောင်းချ၍ အီဂေါဂျီးဆပ်ကိုခေါ်ယူမည်ဟု ဝက်စ်ဟမ်းအသင်း ထုတ်ပြန်





လန်ဒန် ဒီဇင်ဘာ ၁၆

ဝက်စ်ဟမ်းအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ပါကွီတာကိုရောင်းချ၍ ဘိုတာဖိုဂိုအသင်းမှ တိုက်စစ်မှူး အီဂေါဂျီးဆပ်ကို ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ပါကွီတာသည် ဝက်စ်ဟမ်းအသင်းတွင် လောင်းကစားဥပဒေကြောင့် စစ်ဆေးမှုခံယူနေရကာ အသင်းအနေဖြင့် ရောင်းချရန် ဆုံးဖြတ်ခဲ့သောကြောင့် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းက ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ဝက်စ်ဟမ်းအသင်းက ရောင်းချရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ပါကွီတာကိုရောင်းချမှုမှ ရရှိလာသည့် ငွေကြေးဖြင့် ဘိုတာဖိုဂိုအသင်းမှ အီဂေါဂျီးဆပ်ကို ပြန်လည်ခေါ်ယူသွားမည်ဖြစ်သည်။

အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူး အီဂေါဂျီးဆပ်သည် ယခုနှစ်မှ ဒူဘိုင်းကလပ် အယ်အာလီအသင်းမှ ဘိုတာဖိုဂိုအသင်းသို့ ရောက်ရှိလာသော်လည်း ပြိုင်ပွဲစုံ ၃၁ ပွဲတွင် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဖလားနှင့် ကိုပါလီဘာတာဒိုးရက်စ်ဖလားတို့ ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# ဆောက်သမ်တန်အသင်းက နည်းပြမာတင်ကို ရာထူးမှထုတ်ပယ်

လန်ဒန် ဒီဇင်ဘာ ၁၆

ဆောက်သမ်တန် အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် စပါးအသင်းကို ငါးဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြမာတင်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

စပါးအသင်းနှင့် ပွဲစဉ်အပြီးတွင် အသင်းအနေဖြင့် အမှတ်ပေးပွဲ ၁၆ ပွဲအပြီးတွင် ရမှတ်ငါးမှတ်သာ ရရှိခဲ့ကာ ဇယားအောက်ဆုံး အဆင့်(၂၀)နေရာသို့ ရောက်ရှိခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြမာတင်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြမာတင်သည် ဆောက်သမ်တန်အသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် နောက်ဆုံး ခြောက်ပွဲတွင် ငါးပွဲရှုံး တစ်ပွဲသာ သရေရလဒ် ရရှိခဲ့သဖြင့် အသင်းနှင့် ၁၈ လအကြာတွင် လမ်းခွဲခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန် အသင်းက "အသင်းအနေနဲ့ ပရီးမီးယားလိဂ်ကိုတန်းတက်လာချိန်မှာ စိန်ခေါ်မှုရှိတယ်ဆိုတာ သိပါတယ်။ ပရီးမီးယားလိဂ်ဟာအကောင်းဆုံးလိဂ်တစ်ခုဖြစ်တာကြောင့် ရလဒ်ဆိုးကနေ ရုန်းထွက်ဖို့ နည်းပြမာတင်ကို ထုတ်ပယ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ဆောက်သမ်တန်အသင်းသည် နည်းပြသစ်ခန့်အပ်ရန်ကြိုးပမ်းနေပြီး အသင်းမှ ယူ-၂၁ နည်းပြ ဆိုင်မွန်ရက်ကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ကာ လာမည့်ပွဲစဉ်များကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : 90min
Trs : ML

# အသက် ၁၅နှစ်အောက် လူငယ်ဘောလုံးလိဂ်ပြိုင်ပွဲ(FIFA-MFF U15 Boys League)များကို ယခုလအတွင်း ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် လူငယ်မျိုးဆက်သစ်များ ဘောလုံးလှုပ်ရှားမှုများတွင် ပါဝင်လာရေး၊ ပြည်တွင်းလူငယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး၊ မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာရေး၊ FIFA၊ AFC၊ AFF လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများ အောင်မြင်မှုရရှိရေးအတွက်ရည်ရွယ်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ညွှန်ကြားချက်များနှင့်အညီ အသက် ၁၅ နှစ်အောက် လူငယ်ဘောလုံးလိဂ်ပြိုင်ပွဲများ (FIFA–MFF U15 Boys League)အား နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုလတွင်လည်း ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၅ နှစ်အောက် လူငယ်ဘောလုံးလိဂ်ပြိုင်ပွဲ(FIFA–MFF U15 Boys League)ကို ယခုလနောက်ဆုံးပတ်တွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင်ခွင့်ရအသင်းများကို ပြိုင်ပွဲစရိတ်ထောက်ပံ့သွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား ဆုကြေးငွေ၊ ဆုဖလားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အပတ်စဉ်စနေနှင့် တနင်္ဂနွေနေ့တို့တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ ပထမအကျော့ သုံးလ၊ ဒုတိယအကျော့ သုံးလ စုစုပေါင်း ခြောက်လကြာမြင့်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ပထမဆုံးချန်ပီယံအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၁၅ နှစ်အောက် လူငယ်ဘောလုံးလိဂ်ပြိုင်ပွဲ(FIFA–MFF U15 Boys League) များ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးဌာန ဖုန်း-095148480 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ STA

# ဤခရီး မည်သို့သွားလျှင် နီးမည်နည်း

**ထက်မြတ်**



အမေရိကန်နိုင်ငံမှာ ဒေါ်နယ်ထရန့်က ရွေးကောက်ပွဲ နိုင်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် ယူကရိန်းပဋိပက္ခကလဲ မသေချာမရေရာမှုတွေနဲ့ ကြုံတွေ့လာရပါတယ်။ သူက အမေရိကန် ရွေးကောက်ပွဲမှာနိုင်ပြီး သမ္မတတာဝန်ယူတာနဲ့ ၂၄ နာရီအတွင်းမှာ ယူကရိန်းပဋိပက္ခကို ဖြေရှင်းပေး မယ်လို့ပြောထားတာပါ။ တချို့ကကျတော့ သူ့ရဲ့ ပြောဆိုမှုက ရုရှားဘက်ကိုအလေးသာပြီး ယူကရိန်း ဆီပေးနေတဲ့ အမေရိကန်ရဲ့ကူညီပံ့ပိုးမှုတွေရုပ်သိမ်း ပေးနိုင်တဲ့အခြေအနေဆီ ဦးတည်နေတယ်လို့ ဆိုကြပါတယ်။

လက်ရှိ ယူကရိန်းနိုင်ငံကို အနောက်အုပ်စု အင်အားကြီးနိုင်ငံတွေက ကျားကန်ပေးထားရတဲ့ အခြေအနေပါ။ ဒါပေမဲ့ ဒေါ်နယ်ထရန့်တက်လာတဲ့ အခါမှာ ယူကရိန်းနိုင်ငံအနေနဲ့ သူ့ရဲ့အကြီးဆုံးသော ပံ့ပိုးကူညီသူရဲ့ စွန့်ပစ်ခံရမဲ့ဘဝကို ရောက်လာနေ ပါပြီ။ ဒီတော့ ရုရှား-ယူကရိန်းပဋိပက္ခကို အချိန်တို အတွင်းဖြေရှင်းပေးဖို့က အလွန်အရေးကြီးတဲ့ အခိုက် အတန့်ကို ရောက်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဒီနေရာမှာ ယူကရိန်းပဋိပက္ခကို ဖြေရှင်းပေးနိုင်စေဖို့ နည်းလမ်းနှစ်ရပ် ထွက်ပေါ်လာပါတယ်။

ပထမတစ်ခုက ယူကရိန်းသမ္မတ ဇီလန်စကီးက စီစဉ်ရေးဆွဲထားပြီး အနောက်အုပ်စုနိုင်ငံတွေက ထောက်ခံထားတဲ့ ငြိမ်းချမ်းရေးအစီအစဉ်ဖြစ်ပါ တယ်။ ဒီအစီအစဉ်က အင်အားကနေတစ်ဆင့် စကား ပြောတဲ့အစီအစဉ်ပါ။ အဲဒီအစီအစဉ်အရသာဆိုရင် ယူကရိန်းနိုင်ငံအနေနဲ့ လက်ရှိအနေအထားအတိုင်း ပိုမိုတောင့်ခံနိုင်တဲ့အခြေအနေကိုရရှိပြီး သူဆုံးရှုံးထား တဲ့နယ်မြေတွေကို ပြန်လည်ရရှိနိုင်ခြေရှိပါတယ်။

ဒုတိယတစ်ခုကကျတော့ တရုတ်နဲ့ ဘရာဇီးတို့ အကြံပြုထားတဲ့အစီအစဉ်လိုမျိုး စေ့စပ်ညှိနှိုင်းမှုမှ တစ်ဆင့်သွားတဲ့ ငြိမ်းချမ်းရေးအစီအစဉ်ဖြစ်ပါတယ်။ ဒီနည်းလမ်းဟာ အပစ်အခတ်ရပ်စဲရေးကို ဖန်တီးပေး နိုင်ပေမဲ့ ယူကရိန်းအနေနဲ့ ဆုံးရှုံးထားတဲ့နယ်မြေ အများစု ဒါမှမဟုတ် သူ့တစ်နိုင်ငံလုံးရဲ့ နယ်မြေ ၂၀ ရာခိုင်နှုန်းခန့်ဟာ ရုရှားလက်အောက်ကို ယာယီ ဒါမှမဟုတ် အမြဲတမ်းရောက်ရှိသွားနိုင်ပါတယ်။

လက်ရှိယူကရိန်းဘက်က အကောင်အထည်ဖော် နေတဲ့ မဟာဗျူဟာအင်အားကနေတစ်ဆင့် ငြိမ်းချမ်း ရေးဖော်ဆောင်မဲ့ဗျူဟာပါ။ ဒီအတွက် သူရင်ဆိုင်နေ ရတဲ့စိန်ခေါ်မှုတချို့လဲရှိပါတယ်။ အဲဒီစိန်ခေါ်မှုတွေ ထဲမှာ သူ့ရဲ့မဟာမိတ်တွေဆီကနေ အကန့်အသတ် နဲ့ စောင့်ဆိုင်းနေရတဲ့ စစ်လက်နက်ပစ္စည်းတွေ လက်ခံရမှုပါဝင်ပါတယ်။ ဒီလိုမျိုးစိန်ခေါ်မှုတွေ ကြောင့် စစ်မြေပြင်မှာ ယူကရိန်းဘက်က လူအင်အား ဆုံးရှုံးမှုကိုဖြစ်စေပါစေပြီး စီးပွားရေးနဲ့ ဂေဟစနစ် ပျက်စီးမှုတွေကိုလဲ ကြုံဆုံနေရပါတယ်။ ဒါပေမဲ့ စစ်ပွဲက ဘယ်အချိန်ပြီးဆုံးမယ်ဆိုတာကိုတော့ မျှော်မှန်းလို့ မရနိုင်ပါဘူး။

ယူကရိန်းအနေနဲ့ လက်ရှိအနေအထားကို ထိန်းသိမ်းထားနိုင်စေဖို့အတွက် လစဉ်စစ်သည် အင်အား ၃၀၀၀၀ ကို စုဆောင်းနေရပါတယ်။ ဒါ့ပြင် စစ်ပွဲဖြစ်ပွားမှု၊ ဘေးကင်းရာရွှေ့ပြောင်းနေထိုင်မှု နဲ့အတူ ကလေးမွေးဖွားနှုန်းကျဆင်းမှုတို့ကြောင့် ယူကရိန်းနိုင်ငံရဲ့လူဦးရေက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ မှာ ၄၂ သန်းရှိရာကနေ ဒီနှစ် ဇူလိုင်လမှာတော့ ၃၁ ဒသမ ၁ သန်းထိ ကျဆင်းသွားတယ်လို့ ဆိုပါ တယ်။ ၂၀၅၁ ခုနှစ်အရောက်မှာဆိုရင် ၂၅ ဒသမ ၂ သန်းထိကို ကျဆင်းသွားနိုင်ခြေရှိတယ်လို့လဲ ခန့်မှန်း ထားကြပါတယ်။ စစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ကို ပြန်လည်ထူထောင်ရေးလုပ်ဖို့အတွက် လာမဲ့ ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၈၆ ဘီလီယံ ထိ လိုအပ်မယ်လို့ မျှော်မှန်းရပါတယ်။

ဒါကြောင့် ယူကရိန်းနိုင်ငံဟာ ၁၉၉၁ ခုနှစ်ကရရှိ ထားတဲ့ နယ်နိမိတ်ပိုင်ဆိုင်မှုအတိုင်း ပြန်လည်ရရှိဖို့ ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ယူကရိန်းမှာ စစ်ပွဲတစ်ပွဲကို အနိုင်ယူနိုင်မဲ့ လူအင်အား၊ ငွေအား၊ နည်းပညာအားနဲ့ စစ်လက်နက်အင်အားသာလွန်မှုတို့မရှိတဲ့အတွက် ဖြစ်ပါတယ်။ ဒီလိုမျိုးအနေအထားနဲ့သာ ဆက်သွား မယ်ဆိုရင် လှုပ်လေမြုပ်လေဆိုတဲ့အခြေအနေနဲ့သာ ဇာတ်သိမ်းသွားနိုင်ပါတယ်။ ဒါကိုလဲ ဇီလန်စကီး ကိုယ်တိုင်သိပါတယ်။

ဒါပေမဲ့ တရုတ်နိုင်ငံကအဆိုပြုထားတဲ့ ငြိမ်းချမ်း ရေးအစီအစဉ်ကိုကျတော့လဲ ယူကရိန်းဘက်က သံသယများနေပါတယ်။ အကြောင်းရင်းက တရုတ် နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကြား အလွန်ကိုမှုရင်းနှီးနွေးထွေး တဲ့ဆက်ဆံရေးကြောင့်ဖြစ်ပါတယ်။ ဒါ့ပြင် ယူကရိန်း နိုင်ငံအတွက် အာမခံချက်နည်းပါးနေခြင်းကြောင့် လဲပါပါတယ်။ နောက်တစ်ခုက ဘရာဇီး-တရုတ် ပူးပေါင်းအဆိုပြုထားတဲ့ ငြိမ်းချမ်းရေးအစီအစဉ်ပါ။ ဒီအစီအစဉ်က စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းကနေမှ တစ်ဆင့် ငြိမ်းချမ်းရေးဆီသွားမဲ့လမ်းကြောင်းဖြစ်ပါ တယ်။ ဒါပေမဲ့လဲ အဲဒီအစီအစဉ်မှာ ဒွိဟဖြစ်စရာတွေ ပါနေတယ်လို့ ယူကရိန်းဘက်က ပြောထားပါတယ်။

လက်ရှိ ယူကရိန်းဟာ စစ်လက်နက်ပစ္စည်းသော် လည်းကောင်း၊ နည်းပညာသော်လည်းကောင်း၊ ငြိမ်း ချမ်းရေးပုံစံအစုံကိုသော်လည်းကောင်း၊ အခြားသော နိုင်ငံရေးမဟာဗျူဟာများကိုသော်လည်းကောင်း ပုံစံ မျိုးစုံနဲ့စမ်းသပ်ခံနေရတဲ့ လေ့ကျင့်ရေးကွင်းတစ်ခု ဖြစ်မှန်းမသိဖြစ်လာပါတယ်။ အဲဒီအတွက် လေ့လာ သူတွေက ယူကရိန်းပဋိပက္ခကို ကိုရီးယားပုံစံနဲ့ ဖြေရှင်းမလားဆိုပြီး ပြောကြတာတွေရှိပါတယ်။ ဒီပုံစံမှာ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား နှစ်ခြမ်းကွဲပြီး ကြားမှာလုံခြုံရေးထူထပ်စွာချထားတဲ့ နယ်စပ်နဲ့ပိုင်းခြားလိုက်တဲ့ပုံစံဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီပုံစံအတိုင်းဆိုရင် ယူကရိန်းဘက်က ဆုံးရှုံးထား တဲ့ နယ်မြေတော်တော်များများကို လက်လွှတ်လိုက် ရမှာပါ။

ဖင်လန်နိုင်ငံရဲ့ပုံစံအရဆိုရင်လဲ ယူကရိန်းက ငြိမ်းချမ်းရေးနဲ့ကြားနေဝါဒကို လဲလှယ်လိုက်မှာဖြစ် ပါတယ်။ ဒါပေမဲ့လဲ ဒီပုံစံမှာကျတော့ ယူကရိန်းက လိုချင်နေတဲ့ NATO အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအိပ်မက်ကို စွန့်လွှတ်ရပါလိမ့်မယ်။ ဒါကြောင့် ယူကရိန်းနိုင်ငံ အတွက် ခိုင်မာသေချာတဲ့လုံခြုံရေးအာမခံချက်ရှိဖို့ ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ ဒီလိုမျိုး အာမခံချက်မရှိဘူးဆိုရင် နောင်တစ်ချိန်မှာလဲ အခု လိုမျိုးပဲ နယ်မြေတွေ ပဲ့ပါသွားနိုင်ပါတယ်။

ရုရှားဘက်ကကျတော့ တောင်းဆိုထားတဲ့ အချက်တွေက ရုရှားဘာသာစကားပြောသူတွေ နေထိုင်ရာနေရာကနေ ယူကရိန်းတပ်ဖွဲ့တွေထွက်ခွာ ပေးဖို့၊ ယူကရိန်းအနေနဲ့ ကြားနေနိုင်ငံအဖြစ်နဲ့သာ ရပ်တည်ပေးဖို့နဲ့ နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေး မကြိုးပမ်းဖို့ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေအတိုင်း

**❖တကယ်တမ်းပြဿနာဖြစ်နေတာက ရုရှားနဲ့ယူကရိန်းတို့ကြား မဟုတ်ဘဲ ရုရှားနဲ့ NATO တပ်ဖွဲ့တို့ကြားဖြစ်နေပါတယ်။ NATO တပ်ဖွဲ့ဆိုတာကလဲ အမြဲတမ်းဆိုသလို ရုရှားကို ဖိအားပေးပြီး အနိုင်ယူဖို့ ကြိုးပမ်းနေကြတာပါ။ အဲဒီလိုကြိုးပမ်းမှုကြားမှာ ယူကရိန်းက ကြားညပ်သွားတဲ့အခြေအနေမျိုးဖြစ်ပါတယ်။ ဒါကြောင့် ယူကရိန်း ပဋိပက္ခကို တကယ်တမ်းသာ ငြိမ်းချမ်းစေလိုတဲ့ဆန္ဒအမှန်ရှိမယ် ဆိုရင် NATO ဘက်ကလဲ နောက်ဆုတ်ပြီး ယခင်အတိုင်းဆက်ရှိ နေဖို့ လိုအပ်ပါလိမ့်မယ်။❖**

ယူကရိန်းက လိုက်နာပေးဖို့ဆိုတာ မဖြစ်နိုင်ပြန်ပါ ဘူး။ အပေါ်မှာပြောခဲ့သလိုမျိုးပဲ သူ့အတွက်သေချာ တဲ့ အာမခံချက်မရှိတာကြောင့်ဖြစ်ပါတယ်။

လောလောဆယ်မှာ ယူကရိန်းနိုင်ငံဘက်က ကမ်းလှမ်းထားတဲ့ပုံစံကျတော့ လက်ရှိ လက်လွှတ် လိုက်ရတဲ့နယ်မြေတွေကိုတော့ရှိပါစေတော့၊ ဒီနေရာ မှာပဲရပ်ပြီး သူ့တို့အနေနဲ့ NATO အဖွဲ့ဝင်နိုင်ငံဖြစ်ရေး ဆီ ဦးတည်မယ်ဆိုရင် ငြိမ်းချမ်းရေးဆွေးနွေးမယ်လို့ ဆိုထားတာပါ။ ဒီပုံစံကို ရုရှားက မနှစ်သက်ပါဘူး။ အကြောင်းရင်းက NATO တပ်ဖွဲ့ဟာ သူ့ရဲ့အိမ်နောက် ဖေးတံခါးကို လာခေါက်မဲ့အခြေအနေကြောင့်ပါ။

ဒါကြောင့် တကယ်တမ်းပြဿနာဖြစ်နေတာက ရုရှားနဲ့ယူကရိန်းတို့ကြားမဟုတ်ဘဲ ရုရှားနဲ့ NATO တပ်ဖွဲ့တို့ကြားဖြစ်နေပါတယ်။ NATO တပ်ဖွဲ့ဆိုတာ ကလဲ အမြဲတမ်းဆိုသလို ရုရှားကိုဖိအားပေးပြီးအနိုင် ယူဖို့ကြိုးပမ်းနေကြတာပါ။ အဲဒီလိုကြိုးပမ်းမှုကြားမှာ ယူကရိန်းက ကြားညပ်သွားတဲ့ အခြေအနေမျိုးဖြစ်ပါ တယ်။ ဒါကြောင့် ယူကရိန်းပဋိပက္ခကို တကယ်တမ်း သာ ငြိမ်းချမ်းစေလိုတဲ့ဆန္ဒအမှန်ရှိမယ်ဆိုရင် NATO ဘက်ကလဲ နောက်ဆုတ်ပြီး ယခင်အတိုင်းဆက်ရှိနေ ဖို့ လိုအပ်ပါလိမ့်မယ်။ ရုရှားဘက်ကလဲ နောက်တစ် လှမ်းဆုတ်ပြီး ယူကရိန်းက လက်လွှတ်လိုက်ရတဲ့ နယ်မြေတချို့ကို ယူကရိန်းနိုင်ငံထဲက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသလိုမျိုး ပြန်ပေးလိုက်မယ်ဆိုရင် ဒီပဋိပက္ခဟာ ပြေလည်သွားဖို့ လမ်းစရှိပါတယ်။

အခု ထရန့်ကြိုးပမ်းမဲ့အခြေအနေက ထိုနည်း နှင်နှင်ပါပဲ။ ဒါပေမဲ့ ထရန့်ရဲ့နည်းလမ်းတွေထဲမှာက မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ရှိနေပါသေးတယ်။ အရင်ဆုံး ယူကရိန်းအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကို လက်ခံရပါမယ်။ လက်မခံရင် ယူကရိန်းဆီပေးနေ တဲ့ စစ်ရေးအကူအညီတွေကို ဖြတ်တောက်ပါမယ်။ အကယ်၍ ရုရှားဘက်ကလဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကို ငြင်းဆိုမယ်ဆိုရင် အမေရိကန်က ယူကရိန်းကို စစ်လက်နက်တွေ တိုးမြှင့်ပံ့ပိုးပါမယ်။ ဒီအတွက် ကြောင့် နောက်ဆုံးအဖြေက မဟာအင်အားကြီးစစ်ပွဲ ကိုသာ ဖြစ်ပွားလာစေမှာပါ။

အရင်းစစ်တော့ အမြစ်မြေကဆိုသလိုမျိုးပဲ ဒီလို မျိုးပဋိပက္ခကြီးဖြစ်ပွားရတာဟာ NATO ရဲ့စစ်အင် အားတိုးချဲ့မှု၊ ရုရှားရဲ့ လိုအပ်တာထက်ပိုပြီး သည်းမခံမှု၊ ယူကရိန်းရဲ့မပါးနပ်မှုတို့ကြောင့် ဖြစ်ပွား လာရတာဖြစ်တဲ့အတွက် ဒီပဋိပက္ခကြီးအဆုံးသတ် သွားစေဖို့ အမှန်တကယ်ဆန္ဒရှိသူတွေဟာ ကိုယ့်ရဲ့ အတွက် ရှေ့တန်းမတင်ဘဲ ကြားထဲက မြေစပင် ဖြစ်နေရတဲ့ ယူကရိန်းပြည်သူတွေသာမက အဲဒီ ပဋိပက္ခကြီးရဲ့ သက်ရောက်မှုကိုပါ ခံစားနေရတဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့အကျိုးကိုသာကြည့်ကာ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန်နားလည်မှုပြန်ယူခြင်း အားဖြင့် နောက်ကို ခြေတစ်လှမ်းစီ ဆုတ်ပေးမှသာ အမှန်တကယ်ငြိမ်းချမ်းမှုကို ရရှိမှာပါ။ ဒါကြောင့် ယူကရိန်းပဋိပက္ခ ငြိမ်းချမ်းရေးခရီးလမ်းအတွက် အနီးဆုံးလမ်းကတော့ အပြန်အလှန်နားလည်မှု နဲ့ အတ္တကိုစွန့်လွှတ်မှု လမ်းကြောင်းသာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**ကိုးကား**

- SCMP

# ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Duet Show အမည်ရှိ Group Art Exhibition ပန်းချီပြပွဲ ပြသ



**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Duet Show ပန်းချီပြပွဲကို ဒီဇင်ဘာလ ၁၅ ရက်မှ စတင်ပြသကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ ရဲမင်းထံမှ သိရသည်။

အဆိုပါ Duet Show အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ မင်းမဟော်နှင့် ပန်းချီရဲမင်းတို့ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ပြသထားကြောင်း သိရသည်။

"Artistic Space Art Gallery မှာ Duet Show လို့ အမည်ပေးထားသော ကျွန်တော်တို့ နှစ်ယောက်ရဲ့ Group Art Exhibition ပြပွဲကို တင်ဆက်ပေးနေတာ ဖြစ်ပါတယ်။ ဒီပြပွဲကို မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိပြသနေပြီဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြဖို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီရဲမင်းက ပြောပြသည်။

အဆိုပါ Duet Show အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၂၄x၂၄ လက်မ၊ ၃၆x၂၄ လက်မ၊ ၁၈x၂၄ လက်မ၊ ၁၈x၁၈ လက်မ စသည်ဖြင့် အရွယ်အစားမျိုးစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ငါးသိန်းမှ ငွေကျပ်သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

**ASH**

# The Family Plan-2 ဇာတ်ကား၌ မင်းသား ကန်ဟာရင်တန် ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၆**

Apple Original Films ကုမ္ပဏီ၏ The Family Plan –2 ဇာတ်ကားသစ်၌မင်းသားကန်ဟာရင်တန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

The Family Plan (2023) ဟာသအက်ရှင် ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည့် The Family Plan–2 တွင် မင်းသား ကန်ဟာရင်တန်သည် မင်းသား မာ့ဝေးဘာ့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Family Plan–2 ၌ ကန်ဟာရင်တန်ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်စရိုက်ကို မသိရသေးပေ။

The Family Plan–2 ကို ဒါရိုက်တာ ဆိုင်မွန်ဆယ်လန်ဂျီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Family Plan–2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို နာမည်ကျော်ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကော့ဂျက်ရှ်က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple Original Films က ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand တွင် Wyndham Wonderland 2025 ဂီတဖျော်ဖြေပွဲကို ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ထင်ရှားသည့် တေးသံရှင်များဖြစ်သည့် တေးသံရှင် ဇော်ပိုင်၊ ဟဲလေး၊ ဖြိုးပြည့်စုံနှင့် ချမ်းမြေ့မောင်ချို တို့၏ Wyndham Wonderland 2025 အမည်ရှိတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand ဟိုတယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဇော်ပိုင်ထံမှ သိရသည်။

အဆိုပါ Wyndham Wonderland 2025 အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand ဟိုတယ်တွင် လာမည့် ဒီဇင်ဘာ ၃၁ ရက်ညတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို RUNNER Music Band တေးဂီတအဖွဲ့က တီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။




"၂၀၂၄ ခုနှစ်ရဲ့ နှုတ်ဆက်ပွဲနဲ့ ၂၀၂၅ ခုနှစ်ကို ကြိုဆိုမဲ့ ညချမ်းမှာ သီချင်းအေးအေးလေးတွေနဲ့ နှစ်သစ်ကို ကြိုဆိုကြရအောင် Wyndham Grand မှာ ဆုံကြပါစို့" ဟု တေးသံရှင် ဇော်ပိုင်က ပြောပြသည်။

အဆိုပါ Wyndham Wonderland 2025 တေးဂီတဖျော်ဖြေပွဲကို Wyndham Grand ဟိုတယ်တွင် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Panic Carefully လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်၌ မင်းသား အက်ဒီရက်မေနီ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Panic Carefully လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ မင်းသား အက်ဒီရက်မေနီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Panic Carefully ဇာတ်ကားတွင် အက်ဒီရက်မေနီသည် မင်းသမီး ဂျူလီယာရောဘတ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Panic Carefully ဇာတ်ကားကို ဒါရိုက်တာ ဆစ်အစ္စမေးက ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေးသား ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Panic Carefully ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဝါနာဘရားသားကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

ဒါရိုက်တာ ဆမ်အစ္စမေးနှင့် မင်းသမီး ဂျူလီယာရောဘတ်တို့သည် Netflix ကုမ္ပဏီ၏ Leave the World Behind ဇာတ်ကားတွင် လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

အဆိုပါ Panic Carefully ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးပေ။

**Ref : Russia Today**
**Trs : KKO**




# ၂၀၂၅ ခုနှစ် ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဆုပေးပွဲ၏ ဆန်ခါတင်ဆုစာရင်းတွင် Conclave နှင့် Wicked ဇာတ်ကားများက ထိပ်ဆုံးတွင်ဦးဆောင်နေ

**နယူးယောက် ဒီဇင်ဘာ ၁၆**

၂၀၂၅ ခုနှစ် ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဆုပေးပွဲ၏ ဆန်ခါတင်ဆုစာရင်းတွင် Conclave နှင့် Wicked ဇာတ်ကားများက ထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် အမေရိကန်ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်းက ထုတ်ပြန်ထားကြောင်း သိရသည်။



၂၀၂၅ ခုနှစ် ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဇာတ်ကားဆုပေးပွဲ၏ ဆန်ခါတင်ဇာတ်ကားများစာရင်းတွင် Conclave နှင့် Wicked ဇာတ်ကားများက ထိပ်ဆုံးတွင်ဦးဆောင်နေပြီး ဇာတ်ကား နှစ်ကားစလုံးသည်အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု အပါအဝင် ဆုပေါင်း ၁၁ ဆု၏ ဆန်ခါတင်စာရင်းများ၌ ပါဝင်လျက်ရှိသည်။

Dune:Part Two နှင့် Emilia Perez ဇာတ်ကားများမှာ ဆုပေါင်း ၁၀ ဆု၏ ဆန်ခါတင်စာရင်းများတွင် ပါဝင်နေကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ရုပ်ရှင်ဝေဖန်ရေးဆရာများအကြိုက် ရုပ်ရှင်ဆုပေးပွဲ ဆန်ခါတင်စာရင်းများအနက် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းတွင် မင်းသား အက်ဒရီယန်ဘရော့ဒီနှင့် တင်မိုသီချားမက်တို့ အပါအဝင် မင်းသားခုနစ်ဦး ပါဝင်ကြောင်း သိရသည်။

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းတွင်မူ အင်ဂျလီနာဂျိုလီနှင့် ဆိုင်သီယာအာရီဗိုအပါအဝင် မင်းသမီးခုနစ်ဦးပါဝင်သည်။

ဆုရရှိသည့်ဇာတ်ကားများနှင့် အနုပညာရှင်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# Opening ceremony of cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila) held, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing



Senior General Min Aung Hlaing addresses the opening ceremony of cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila).

**Nay Pyi Taw December 16**

The inauguration ceremony of the cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila) was held this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were Joint SAC Secretary General Ye Win Oo, SAC members, union level officials, union ministers, chief ministers of Mandalay and Magway regions, senior military officers from Office of Commander-in-Chief, the Central Command commander, departmental officials, officials of China Texmatech Co. Ltd., honoured guests, local elders of Meiktila Township, the factory manager and employees, and officials.

Director of the Directorate of Ordnance of the Office of Commander-in-Chief (Army) Maj-Gen Win Myat presented a report on the establishment of the factory.

The Senior General and attendees watched a video clip on the finished cotton fiber manufacturing branch of the factory.

In his keynote address, the Senior General said since birth, human beings face the three basic needs – food, clothing and shelter – every day. In order to solve the problem, SAC, since its assumption of duties of the State, has worked with the aim of setting up a robust manufacturing industry by using farm materials. Of the three basic needs, clothes are the items man needs throughout the whole life from birth till death. So, it is an important need in man's life. Hence, efforts are being made to turn locally cultivated cotton into value-added goods.

After a review of the fall in cotton sown acreage since 2016, encouragement has been given to grow high-yield long-staple cotton that can be turned into quality threads. The country had to import a huge bulk of fabrics despite its favourable condition for cotton cultivation. Hence, it should successfully grow cotton and produce cotton fabrics that meet the international standard. The country can reduce foreign currency expenses and increase FE earnings through production of fabrics at garment factories or fabric export.



Senior General Min Aung Hlaing views round in the cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila).

It is a pleasure for all that thanks to the opening of the branch, the factory will manufacture quality fibers which still have local demand.

The factory was set up in 1966-67 under an agreement signed between China and Myanmar governments to fulfil the clothing needs of the country and to reduce the volume of exports. It was transferred to the Directorate of Ordnance of the Office of Commander-in-Chief (Army) on 1 October 1991.

After starting to shoulder the duties of the Commander-in-Chief of Defence Services in 2011, the Senior General supplied necessary equipment for the continued production of quality military uniforms and clothing that are on a par with their global counterparts. Now the country can produce various kinds of military clothing as well as various kinds of textiles required for military personnel and civilians.

Although the factory upgrading and machinery changes were conducted, the factory still could not manufacture quality 2/80 fibers. As the factory was provided with new machines that can turn local cotton into 2/80 fibers, it has now started its operations. At its full capacity, the factory can produce 4840 pounds or about two tons of fiber per day. 2/80 fibers will be turned into longyis and cotton fabrics for the people, and the surplus will be distributed to the market at reasonable prices.

*See Page 13*



Senior General Min Aung Hlaing views cotton fiber manufacturing process.



Senior General Min Aung Hlaing presents cash awards for factory staff.




Senior General Min Aung Hlaing presents a commemorative gift.

*From Page 12*

The opening of the branch can be mentioned as the dawn of a new age of Myanmar’s cotton fabrics. The country needs the application of quality cotton strains and correct cultivation methods to increase cotton yield. In addition, the process of developing cotton-based industries must be continued through upgrading of cotton mills, and textile factories.

The country must set up industries that will bring progress through the use of nature's gift or the favourable conditions for agriculture. Officials and cotton farmers should strive for the development of the country's cotton production. The Tatmadaw Textile Factory (Meiktila) is supplying military clothing for the entire Tatmadaw by turning raw cotton materials into finished goods. Likewise, the branch that opened today will be supportive of fulfilling the nation's clothing demand. Starting from this factory onward, the entire people and textile-based MSMEs must make efforts to lead the Myanmar textile world that can manufacture quality garment and textiles products for the nation and people towards the new age.

An official of China Texmatech Co. Ltd. presented machinery related papers to the factory manager.

The director of the Directorate of Ordnance presented a commemorative gift to the Senior General.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing then presented a fruit basket and commemorative gift to an official of CTMTC company, who also presented an honorary gift to the Senior General.

The Senior General presented a gift of honour to the Project Chief Engineer who oversaw the machinery installation work.

The Senior General and party looked around the booths that display the different stages of cotton cultivation and fiber production and fabrics manufactured by the 2/80 fiber production branch.

Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Htain Win, Commander-in-Chief (Air) General Tun Aung, Joint SAC Secretary General Ye Win Oo, and SAC member General Nyo Saw formally opened the ceremony. The Senior General formally unveiled the signboard by pushing a button and sprinkled scented water on the plaque.

The Senior General and attendees were conducted around production stages of spinning workshop, twisting workshop, and dyeing workshop. The Senior General also looked into the requirements.

The Senior General presented a cash award for factory employees through an official.

The factory manufactures school uniforms and other daily use fabrics, apart from providing the Tatmadaw and Myanmar Police Force with uniforms. At the time when the State is in the process of fulfilling the clothing needs more and improving finished fibers, the opening of the branch will be supportive of the textile-related industries by supplying fibers and textiles to a certain degree. Moreover, it will meet its production and quality targets. 100



The ribbon being cut to open the cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila).

# S. Korea's constitutional court picks presiding justice for Yoon's impeachment case

**Seoul December 16**

South Korea's constitutional court picked Cheong Hyung-sik, widely seen as conservative, as a presiding justice for President Yoon Suk-yeol's impeachment case, multiple media outlets said Monday.

The case was assigned to Cheong, who was nominated and appointed by Yoon and took office in December 2023, through random computer selections.

The constitutional court is composed of nine justices, including three nominated by the president, three nominated by the chief justice of the Supreme Court and three nominated by the National Assembly.

Two incumbent justices were nominated by former liberal President Moon Jae-in, while two justices were nominated by the former chief justice of the Supreme Court.

The main liberal opposition Democratic Party recommended two justice nominees, while the governing conservative People Power Party suggested one candidate as three justices are currently vacant. Xinhua

# 37 fake alcohol deaths reported in Türkiye's Istanbul since Nov.

**Istanbul December 16**

Since the beginning of November, 37 people have died from poisoning due to consuming counterfeit alcohol in Türkiye's Istanbul, the Istanbul Governor's Office said in a statement on Monday.

According to the statement, 73 individuals have been poisoned by counterfeit alcohol during this period, while 17 individuals are still receiving treatment in hospitals.

"In the investigations related to alcohol poisoning incidents, proceedings have been initiated against 36 suspects who provided counterfeit alcohol," the office noted, adding that 14 of them have been arrested.

The Anti-Smuggling and Organized Crime Branch of the Istanbul Police Department has been cracking down on the production and sale of counterfeit alcohol. The policemen confiscated significant amounts of fake alcoholic drinks, as well as banderoles, labels, and other materials used for producing counterfeit alcohol.

As a result, thirty-two businesses received fines for participation in the illegal production and sale of these counterfeit products.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်မရိန်းတပ်ဖွဲ့က Black Hawk ရဟတ်ယာဉ်များ၏ အလိုအလျောက်ပျံသန်းမှုစနစ်ကို ၂၀၂၅ ခုနှစ်တွင် စမ်းသပ်ပျံသန်းမည်




အမေရိကန်မရိန်းတပ်ဖွဲ့သည် UH-60 Black Hawk ရဟတ်ယာဉ်များပေါ်တွင် တပ်ဆင်ထားသော Sikorskyကုမ္ပဏီထုတ် MATRIX အလိုအလျောက်ပျံသန်းမှုစနစ်ကို လာမည့်နှစ်တွင် စမ်းသပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

MATRIX အဆင့်မြင့် ပျံသန်းမှုစွမ်းဆောင်ရည်များသည် ရဟတ်ယာဉ်မှူးနှစ်ဦး လုပ်ငန်းဆောင်တာများအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ထိုစနစ်သည် ရဟတ်ယာဉ်မှူးတစ်ဦးတည်း ပျံသန်းမောင်းနှင်ရသော စစ်ဆင်ရေးများအတွက် အကူရဟတ်ယာဉ်မှူးအနေဖြင့် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်ပြီး ရေတပ်သင်္ဘောများမှဖြစ်စေ သို့မဟုတ် မြေပြင်အခြေစိုက်စခန်းများမှဖြစ်စေ ရဟတ်ယာဉ်မှူးများမပါဘဲ အလိုအလျောက်ပျံသန်းမှုများ အပြည့်အဝလုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

မရိန်းတပ်ဖွဲ့ဝင်များသည် ရဟတ်ယာဉ် ပျံသန်းမှုမပြုမီနှင့် ပျံသန်းပြီးနောက် မစ်ရှင်အချက်အလက်များနှင့် ပတ်သက်၍ Tablet တစ်လုံးအသုံးပြုကာ ရဟတ်ယာဉ်နှင့် အပြန်အလှန် ချိန်ညှိလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ MATRIX အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်မှုစနစ် တပ်ဆင်ထားသော ရဟတ်ယာဉ်သည် ရဟတ်ယာဉ်ပေါ်တွင် တစ်စုံတစ်ယောက်မျှ လိုက်ပါခြင်းမရှိဘဲ ပြည်တွင်းနှင့်ပြည်ပကုန်တင်သယ်ယူ ပို့ဆောင်ရေးအပါအဝင် ရှုပ်ထွေးသော တာဝန်အမျိုးမျိုးကို ဘေးကင်းလုံခြုံပြီး ယုံကြည်စိတ်ချစွာ လုပ်ဆောင်နိုင်စေမည် ဖြစ်ကြောင်း Sikorsky ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ Rich Benton က ပြောကြားခဲ့သည်။

မရိန်းတပ်ဖွဲ့နှင့်အတူစစ်ဆင်ရေးများတွင် ပန်ကာတပ်(Rotary)နှင့် ပုံသေတောင်ပံတပ်(Fixed Wing)လေယာဉ်များ၏ အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်မှုအပေါ် အခြေခံထားသော ရဟတ်ယာဉ်အုပ်အနေဖြင့် အုပ်ချုပ်ထောက်ပံ့မှုများ မည်သို့လုပ်ဆောင်ပေးနိုင်သည်ကို လေ့လာအကဲဖြတ်ဆန်းစစ်နိုင်မည်ဖြစ်ကြောင်း Rich Benton က ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါစနစ်သည် ရဟတ်ယာဉ်မှူးနှင့် အဖွဲ့သားများကို ဘေးကင်းလုံခြုံစေရန် ဖန်တီးထားသည့် အမေရိကန်နိုင်ငံကာကွယ်ရေး အဆင့်မြင့်သုတေသနစီမံကိန်းဌာန(DARPA)၏ ALIAS (Aircrew Labour In-Cockpit Automation System) ပရိုဂရမ် တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် သရုပ်ပြစမ်းသပ်ခဲ့မှုများ၌ ဆေးဘက်ဆိုင်ရာ ပြန်လည်ထောက်ပံ့ရေး ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ခြင်း သဏ္ဌာန်တူလေ့ကျင့်မှုများ အာရုံစိုက်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါလေ့ကျင့်မှုများအတွင်း MATRIX စနစ်တပ်ဆင်ထားသော ရဟတ်ယာဉ်သည် အလေးချိန်ပေါင် ၅၀၀ သွေးပုလင်းပါရှိသော သေတ္တာ ၁၄ ပုံးကိုသယ်ဆောင်၍ အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်ခဲ့သည်။ အဆိုပါ ရည်မှန်းချက်တာဝန်ထမ်းဆောင်မှုတွင် မိနစ် ၅၀ ကြာပျံသန်းမှုအတွင်း အကွာအဝေး ၈၃ မိုင်ထိ တောင်ကြားချိုင့်ဝှမ်း မြေအနေအထားများပေါ်၌ လမ်းကြောင်းထိန်းကျောင်းပျံသန်းနိုင်ကာ အလျင်နှုန်း ၁၀၀ knots ဖြင့် မြေမျက်နှာပြင်အထက် ပေ ၂၀၀ ထိ ဆင်း၍ အနိမ့်ပျံသန်းပြသနိုင်ခဲ့သည်။

လာမည့်နှစ်အတွင်း ထပ်မံပြုလုပ်မည့် စမ်းသပ်မှုများသည် အမေရိကန် မရိန်းတပ်ဖွဲ့၏ စစ်ဆင်ရေးများတွင် အလိုအလျောက် လုပ်ဆောင်နိုင်မှုစနစ်များ ပေါင်းစပ်အသုံးပြုနိုင်ခြင်းဖြင့် အနာဂတ်တပ်မတော်၏ ထောက်ပံ့ပို့ဆောင်ရေး မဟာဗျူဟာများကို ပြောင်းလဲကျင့်သုံးလာနိုင်ဖွယ်ရှိနေသည်။ MATRIX စနစ်၏ ဘက်စုံစွမ်းဆောင်နိုင်မှုသည် Black Hawk ရဟတ်ယာဉ်များအပြင် အခြားသော Rotary နှင့် Fixed-Wing လေယာဉ်များထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ပြီး စစ်ရေးအခြေအနေအမျိုးမျိုးတွင် အလုံးစုံစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

**US Marines to Test Autonomous Flight With Black Hawk Helicopters in 2025 ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ်အတွင်း ဒရုန်းအစင်းရေတစ်သန်းကျော်ကို ယူကရိန်းတပ်မတော်ထံ ပံ့ပိုးခဲ့

ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းတပ်မတော်ထံ မောင်းသူမဲ့လေယာဉ်(UAV)နှင့် ဒရုန်းအစင်းရေ ၁ ဒသမ ၂ သန်းကို ယခုနှစ်အတွင်း ပံ့ပိုးပေးအပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းတပ်မတော်ထံ ယခုလကုန်တွင် နောက်ထပ် UAV၊ Drone အစင်းရေ တစ်သိန်းထိ ပေးပို့သွားနိုင်ရန် ထောက်လှမ်းရေး UAV များ၊ တိုက်ခိုက်မှုဒရုန်းများနှင့် FPV ကာမီကာဇီဒရုန်းစနစ်များကို ထုတ်လုပ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထည့်သွင်းပြောကြားထားသည်။ ခေတ်မီ UAV များဖြင့် ကာကွယ်ရေးတပ်ဖွဲ့များကို ပံ့ပိုးပေးအပ်နိုင်ခြင်းသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်နှင့် တိုက်ပွဲဝင်စစ်ဆင်ရေးများ၏ ထိရောက်မှုကို အားကောင်းစေမည့်ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနှင့် ယူကရိန်းတို့ ပဋိပက္ခစတင်ချိန်မှစ၍ မောင်းသူမဲ့လေယာဉ်များသည် ယူကရိန်းစစ်ဘက်အတွက် အဓိက စစ်ရေးစွမ်းအားစုများ ဖြစ်လာခဲ့ရသည်။ ယူကရိန်းတပ်မတော်၏ တိုက်ခိုက်ရေးတပ်ရင်း၊ တပ်ဖွဲ့များသည် ယခုနှစ်အတွင်း နိုင်ငံတော်အထူးဆက်သွယ်ရေးဌာနမှတစ်ဆင့် FPV ကာမီကာဇီဒရုန်းအစင်းရေ ၁ ဒသမ ၁ သန်းကို လက်ခံရရှိခဲ့သေးကြောင်း သိရသည်။ ယူကရိန်းနိုင်ငံတွင် ညအချိန်တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် ဒရုန်းအစင်းရေ ၁၂၀၀၀ ၊Shark၊ GOR နှင့် Furia ကဲ့သို့သော တောင်ပံပုံသေတပ်မောင်းသူမဲ့လေယာဉ် အစင်းရေ ၅၀၀၀ အပါအဝင် Multirotor ကင်းထောက်ဒရုန်းအစင်းရေ ၄၀၀၀၀ ပိုင်ဆိုင်ထားသည်။ ထို့ပြင် ယူကရိန်းတပ်မတော်သည် Nemesis၊ Bat နှင့် Vampire အပါအဝင် ပြန်လည်အသုံးပြုနိုင်သော UAV အစင်းရေ ၂၀၀၀ နှင့် ပြန်လည်အသုံးပြုနိုင်သော FPV copters အစင်း ၅၀၀၀ တို့ စစ်မြေပြင်တွင် တပ်ဖြန့်အသုံးပြုလျက်ရှိကြကြောင်း သိရသည်။



ထောက်လှမ်းရေးသတင်း စုဆောင်းခြင်း၊ ပစ်မှတ်ခြေရာခံခြင်းနှင့် တိကျသောတိုက်ခိုက်မှုများကို ပံ့ပိုးပေးနိုင်သည့် မောင်းသူမဲ့ ပလက်ဖောင်းများအတွက် ခွဲဝေချထားပေးသည့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံအနက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကို ၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း သုံးစွဲခဲ့သည်။ လာမည့်နှစ်တွင် ယူကရိန်းနိုင်ငံသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၇၈၃ ဒသမ ၂ သန်း တန်ဖိုးရှိသော ဒရုန်းအစင်းရေ ၁၅၀၀၀၀ ကို ထပ်မံဝယ်ယူဖြည့်တင်းသွားရန် ရည်မှန်းထားသည်။ ထို့ပြင် ယူကရိန်းသည် ဖြစ်ပွားနေဆဲ စစ်ပွဲအခြေအနေများအပေါ် မူတည်၍ ပြည်တွင်းထုတ်လုပ်မှုကို တိုးချဲ့လုပ်ဆောင်ခဲ့ပြီး မကြာသေးမီကာလအတွင်း တိုးတက်မှုများ ရရှိထားသည်ကိုလည်း တွေ့မြင်ခဲ့ကြရသည်။

ယခုနှစ် အောက်တိုဘာလတွင် ယူကရိန်းသမ္မတ ဇီလန်စကီးက ယူကရိန်းနိုင်ငံသည် နှစ်စဉ် မောင်းသူမဲ့လေယာဉ် လေးသန်းထိ ထုတ်လုပ်နိုင်သည့် စွမ်းဆောင်ရည်အပြည့်အဝ ပိုင်ဆိုင်ထားသည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Ukrainian Military Reports Acquisition of Over 1 Million Drones in 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၃၄၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၃၄၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၂၁၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၄၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲကြီး ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများကို ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါ နည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမို ဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မွေးမြူရေး အသားစားကြက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

'' ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေး အသားစားကြက်တွေကိုအကောင်လိုက် ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း အသားစားကြက်ပိဿာချိန်၈၀၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေး အသားစားကြက်တွေအပြင် အခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ မွေးမြူရေး အသားစားကြက်တွေ အရောင်းအဝယ် ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်''ဟု ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးအသားစားကြက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၀၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပျော်ဘွယ်မြို့နယ် ထန်းပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပျော်ဘွယ် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ထန်းပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦး၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာတို့ကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ထန်းပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်း မှာကြားသည်။

ပျော်ဘွယ်မြို့နယ် ထန်းပင်ကျေးရွာ၌ အရှည် ၅၉၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၃၈ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၆-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |


**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံတည်ဆောက်ရာတွင်ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးအား သစ်သီးခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဂါရဝပြုလက်ဆောင်ပြန်လည်ပေးအပ်စဉ်။

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ပြည်တွင်း၌လိုအပ်နေဆဲဖြစ်သည့် အရည်အသွေးကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)ကိုဝတ်ရေးဆိုင်ရာအထည်အလိပ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှုလျော့နည်းစေရန်အတွက် တရုတ်-မြန်မာအစိုးရတို့အကြား သဘောတူညီချက်စာချုပ်ချုပ်ဆိုပြီး ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ၁၉၆၆-၁၉၆၇ တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်ရုံကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်တပ်ဆင်ရေးလုပ်ငန်းများကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Porject Chief Engineer အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ်ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် ကိစ္စရပ်ကြီး သုံးခုကို နေ့စဉ် မလွဲမသွေရင်ဆိုင်နေကြရကြောင်း၊မိမိတို့အစိုးရအနေဖြင့် ယင်းအရေးကိစ္စကို အဆင်ပြေစွာဖြေရှင်းနိုင်ရေး နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများက ထွက်ရှိလာသည့် ကုန်ကြမ်းများကို ခိုင်မာသည့်ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများမွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ အဝတ်အထည် အသုံးအဆောင်ဖူလုံရန်မှာ လူ့ဘဝတစ်လျှောက် အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်တွင်းအဝတ်အထည်ဖူလုံစေရေးအတွက် ပြည်တွင်း၌စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း။

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်ကစ၍ ဝါစိုက်ပျိုးမှုနှုန်းလျော့ကျလာသည့်အခြေအနေကိုသုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန်အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပမာဏများစွာတင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည်တင်ပို့ခြင်းဖြစ်စေဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း။

စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း။

မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင်လည်း တပ်မတော်အတွက် လိုအပ်သည့်စစ်ဝတ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်စက်ပစ္စည်းများကိုဝယ်ယူပေးခဲ့ပြီး နိုင်ငံတကာတပ်မတော်များနည်းတူ စစ်ဝတ်ပစ္စည်းများ အဆင့်မီစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

ယနေ့အချိန်တွင် တပ်မတော်သားများအတွက်လိုအပ်သည့် ဝတ်စုံအမျိုးမျိုးအပြင် တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့် အခြားသောအထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့စက်ရုံအဆင့်မြှင့်တင်ခြင်းများ၊ စက်အသစ်ပြောင်းလဲ တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်များ မထုတ်လုပ်နိုင်သေးသည်ကိုတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့် ဝါများနှင့်ထုတ်လုပ်နိုင်ရေးစက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက်တပ်ဆင်ပြီးစီးသည့်စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။




China Texmatech Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံသို့ လွှဲပြောင်းပေးအပ်စဉ်။

# မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ သီလဝါအထူးစီးပွားရေးဇုန်သို့ ကြည့်ရှုလေ့လာ



**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်၏ ၁၁၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော အသင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၂၅၀ တို့သည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ စီးပွားရေးလုပ်ငန်းရှင်များကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီရုံးခန်းမ၌ သီလဝါအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံ တရုတ် ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက် ကြည့်ရှုလေ့လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှု၊ မြန်မာအထူး စီးပွားရေးဇုန်ဥပဒေအရ ပေးအပ်ထားသည့် ခံစားခွင့်များ၊ လုပ်ငန်းဆိုင်ရာအခွင့်အလမ်း များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ လုပ်ငန်းရှင်များအတွက် သီလဝါထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် One Stop Service ဌာနများက အချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်ပေးနေမှုတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး သီလဝါ အထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက် နေမှုမှတ်တမ်းဗီဒီယိုကို ပြသကာ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းသို့ မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံ ပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီလုပ်ငန်း ၁၁၇ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းသစ်များကို ထပ်မံခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၇ မှအဆက်**

ထွက်ရှိလာသည့် ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည် ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပ ဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း။

ယခု ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ် နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည် ခေတ်တစ်ခေတ်ပြောင်းလဲမှု၏ အစဖြစ် သည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင် သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင် ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည် စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထား သည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်း များကိုအသုံးချပြီး နိုင်ငံကိုဖွံ့ဖြိုးတိုးတက် စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါစိုက်ပျိုး ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးတောင်သူများအနေဖြင့် နိုင်ငံ တော်၏ ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှုများ တိုးတက်အောင်ကြိုးစားကြရန် တိုက်တွန်း လိုကြောင်း၊ **တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော် တစ်ရပ်လုံးအတွက် လိုအပ်သည့်စစ်ဝတ် ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေ သကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏အဝတ် အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်း မှ များစွာအထောက်အကူပြုစေမည်ဖြစ် ကြောင်း၊ထို့ကြောင့် နိုင်ငံတော် နှင့်ပြည်သူ လူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင် မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက် များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံ လုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည် အလိပ်အထောက်အကူပြု MSME လုပ်ငန်း စဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်** သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် China Texmatech Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက စက်ပစ္စည်း တပ်ဆင်မှုနှင့်ပတ်သက်သည့် စာရွက် စာတမ်းများကို စက်ရုံမှူးထံသို့ လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ထံ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်း လက်ဆောင်အား ဂါရဝပြု ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စက်ရုံတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိ သူတစ်ဦးအား သစ်သီးခြင်းနှင့် အမှတ်တရ လက်ဆောင်ပေးအပ်ပြီး CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြု လက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က စက်တပ်ဆင်ရေးလုပ်ငန်း များကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Project Chief Engineer အား ဂုဏ်ပြု လက်ဆောင်ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝါစိုက်ပျိုး ထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှု အဆင့်ဆင့်ပြကွက်များနှင့် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)၊ ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထား သည့် ချည်ထည်ပစ္စည်းများကို လှည့်လည်

> **တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်ဖြစ် . . .**
>
> **နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံက အစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထု တစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက် . . .**

ကြည့်ရှုကြသည်။

ဆက်လက်၍ ကောင်စီဝင်ညိုနိုင်းကွပ်ကဲ ရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်း အောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောတို့က ဖွင့်ပွဲအခမ်း အနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စက်ရုံဆိုင်းဘုတ်ကို စက် ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်း မော်ကွန်းအား အမွှေးနံ့သာရည်များပက် ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည် များအဆင့်ဆင့် ထုတ်လုပ်နေမှုအခြေအနေ များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့်အထည် စက်ရုံ(မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ် သည့်ဝတ်စုံများကို ချုပ်လုပ်ပေးလျက်ရှိ သကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ် သုံးချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ် ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ဝတ်ရေးကို ပိုမိုအထောက် အကူပြုစေရန်နှင့် ပြည်တွင်းချည်ချော ထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့ တည်ဆောက်နိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် စက်မှု လုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေ သည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း နှင့် သတ်မှတ်ထားသည့် အရည်အသွေး စံနှုန်းများအတိုင်း ပြည့်မီစွာထုတ်လုပ်နိုင် မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း ၁၁၅ နှစ်ပြည့်အထိမ်းအမှတ် ညစာစားပွဲ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်တည်ထောင်ခြင်း ၁၁၅ နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကမ္ဘာ့အေးစေတီလမ်းရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ တရုတ်ကောင်စစ်ဝန်ချုပ်၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ အကြီးတန်းဒုတိယဥက္ကဋ္ဌများနှင့် နာယကများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသူများနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ အကြီးတန်းဒုတိယဥက္ကဋ္ဌများ၊ နာယကများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းဖြင့် အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်း ဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှတ်တရကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ညစာစားပွဲ၌ မြန်မာ၊ တရုတ် ချစ်ကြည်ရေးတေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖူးမြော် အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေနှင့် ခွန်စံလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖဲနှင့် ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လောကနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ စေတီတော်ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြကာ လောကနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိဆင်းတုတော် နှစ်ဆူအတွက် စံကျောင်းတော်(၂) ဆောက်လုပ်နေမှုနှင့် နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လောကနန္ဒာစေတီတော်ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့သွားရောက်ပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ ဆရာ၊ ဆရာမများသည် အတတ်ပညာဆိုသည့် ဘာသာရပ်ကျွမ်းကျင်မှုအပြင် ကျောင်းသား၊ ကျောင်းသူများကို စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆမှန်ကန်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများပေါ်ထွန်းလာစေရေးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာထားပြီး သင်ကြားပေးကြသော ဆရာ၊ ဆရာမကောင်းများဖြစ်နိုင်ကြပါစေကြောင်း၊ ဆရာ၊ ဆရာမများသည် မိမိတို့ အသက်မွေးဝမ်းကျောင်း ပညာဖြစ်သော မြင့်မြတ်သည့် ပညာသင်ကြားရေးလုပ်ငန်းကို အေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်ဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဆရာ၊ ဆရာမများက တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေနှင့် အခြေခံစားကုန်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

☆ ကျောဖုံးမှအဆက်

ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက 9 Ball Pool Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်က အမျိုးသား မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်က အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇိုလ်ဇိုလ်ကျော်က အမျိုးသား မာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းက အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသွန့်ဖေက အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့်အလုပ်သမားဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏အမျိုးသားအမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ရရှိခဲ့သည့် စံချိန်ဟောင်းထက် ယခုပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်တွင် သာလွန်ကောင်းမွန်သည့် စံချိန်သစ်များရရှိခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မောင်နိုင်လင်းထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မဇင်မေထက်တို့ကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်တို့က မော်တော်ဆိုင်ကယ်တစ်စီးစီ အထူးဆုအနေဖြင့် ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလေးမ ပြိုင်ပွဲကို အလေးမအားကစားရုံ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ၄၅ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၄၉ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသမီး ၅၅ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၅၅ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမျိုးသား ၆၁ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။







ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများ အလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၁၇ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်









**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူး ပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ အမျိုးသား၊ အမျိုးသမီးချန်းချွမ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နန်းချွမ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် **ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်းဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးပွဲ တစ်ပွဲ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ**တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 ကရာတေးရုံ၌ကျင်းပရာ **အမျိုးသားတစ်ဦးချင်း “ခတ”ပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ မင်းနိုင်ငြိမ်းက ပထမ၊ ကရင်ပြည်နယ်မှ နိုင်လင်းထွန်းက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပိုင်သက်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဘုန်းမြတ်ပိုင်စိုးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးတစ်ဦးချင်း “ခတ” ပြိုင်ပွဲ**တွင် ကယားပြည်နယ်မှ မျိုးရတနာဦးက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်နူးကဋ္ဌေကျော်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်သူနှင့် ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသားအသင်းလိုက် “ခတ”ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊**အမျိုးသမီးအသင်းလိုက် “ခတ”ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းကဒုတိယ၊ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၆၁ ကီလိုနှင့်အောက် “ကုမိတဲ့” ပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးမှ ပန်းအိဖြူက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ အိအိမိုးက ဒုတိယ၊ ကယားပြည်နယ်မှ ခရစ္စတင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဆောင်းနှင်းဖြူတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၅၅ ကီလိုနှင့်အောက် “ကုမိတဲ့”ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ အာကာမိုးက ပထမ၊ ရှမ်းပြည်နယ်မှ ဖွဲ့ထက်အောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ နိုင်သန့်စင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C )ရုံ၌ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ကျင်းပရာ စနူကာ 6-Red တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6-Red နှစ်ယောက်တွဲပြိုင်ပွဲ၊ 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စနူကာ 15-Red တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ကချင်ပြည်နယ်မှ သက်ပိုင်ထက်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်က ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းချမ်းထက်က ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်ကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ **ဘိလိယက်နှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15-Red နှစ်ယောက်တွဲပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း(၃၊ ၄) ၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲပထမအဆင့် ရှုံးထွက်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက **စာမျက်နှာ ၂၂ သို့**









**စာမျက်နှာ ၂၁ မှအဆက်**

ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို ခုနစ်ဂိုး တစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို လေးဂိုး နှစ်ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ကိုးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲကွာတား ဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ **အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်အသင်းလိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ **အမျိုးသမီးတင်းနစ်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ကျင်းပရာ **အမျိုးသား ၈၁ ကီလိုတန်းပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ ခွန်မောင်ခင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ရွှေထက်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ နေလင်းဦးက တတိယ၊ **အမျိုးသား ၈၉ ကီလိုတန်းပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်မျိုးဦးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဖြိုးဝေလင်းက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းသက်ထူးက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၅၉ ကီလိုတန်းပြိုင်ပွဲ**များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဉက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်ရောက်လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပုသိမ်ကြီး၊ ကလော၊ ကျိုင်းတုံနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာအုပ်စု နန်းဦးလွင်ကျေးရွာရှိ စိုင်းမြတ်သူ(ခ)ဂျပု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၆၁ ကီလို၊ ကက်တမင်း သုည ဒသမ ၉ ကီလို၊ အက်တက်စီဆေးပြား ၅၀၀၊ ဘိန်းဆီခဲ သုည ဒသမ ၀၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် သုည ဒသမ ၃၅ ကီလိုတို့ကိုလည်းကောင်း။

ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု နန့်ပန်တက်ကျေးရွာအနီးတွင် ကလောဘက်မှ မိတ္ထီလာဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဝေလင်းအောင်(ခ)ရှမ်းလေးထံမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၄ ဒသမ ၂ ကီလို၊ အက်တက်စီဆေးပြား ၅၆၀၊ Happy Water သုည ဒသမ ၈၃ ကီလိုနှင့် ဘိန်းဆီခဲ တစ်ကီလိုကိုလည်းကောင်း။



ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ယန်းကျောက်ကျေးရွာအနီးတွင် စောနိုင်စိုး မောင်းနှင်ပြီး ကျ၀(ခ)ကျဖေ့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၊ ဘိန်းစိမ်း ၂ ဒသမ ၅ ကီလိုကိုလည်းကောင်း။

ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁)ရပ်ကွက်တွင် အေးနိုင် မောင်းနှင်ပြီး မြင့်လှိုင်(ခ)မြင့်မိုရ် လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစားမော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လောင်းလုံမြို့နယ်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦးကို နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့သည့် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် အင်းဇောက်ကျေးရွာတွင် ဒီဇင်ဘာ ၁၃ ရက်က ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦးကို နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ အင်းဇောက်ကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် PDF အမည်ခံအကြမ်းဖက်သမားများကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ပြည်သူများကို ပစ်ခတ်သတ်ဖြတ်ခြင်းမရှိဘဲ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက မြေပြင်ဖြစ်စဉ်များနှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိလှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှတောင်သူများ ဒုက္ခရောက်နေ”**ခေါင်းစဉ်ဖြင့် ၁၈-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


## ထူးခြားသည့် ညအပူချိန်များ (၁၆-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



ဝတ္ထုတိုကဏ္ဍ

# ပန်းဖျက်မုဆိုး

## လင်းနွေးအိမ်



(၁)

" ကျွန်မတကယ်ပဲ တောင်းပန်ပါတယ်။ ကျွန်မကို သနားပေးပါနော်။ ကျွန်မ ရှိခိုးပြီးတောင်းပန်နေတာပါ ဦးလေးရယ် "

ထုံးစံအတိုင်း အခန်းတွင်း၌ ဦးလူမြ၏ တိုက်စစ်ဆင်မှုက စတင်လေပြီ။ စားဖို့ ဝါးဖို့ စိတ်အားထက်သန်နေသည့် ကြောင်ပါးကြီးတစ်ကောင်အလား။ ဦးလူမြဆိုသူကို အများတကာက ပရဟိတသမားကြီးတစ်ယောက်ဟု သိမြင်ထားကြ၏။ တကယ်တော့ ဦးလူမြသည် အများအမြင်၏နောက်ကွယ်၌ ငွေအသပြာကို မက်လုံးပေးပြီး ဆန္ဒတွေကို အကောင်အထည်ဖော်နေသူ ဖြစ်သည်။

ဦးလူမြဆီ၌ တာဝန်ထမ်းဆောင်နေသည့် ထွန်းအောင်သည် ခြံ၏လုံခြုံရေးအတွက် ဗျာများနေရင်းက ဦးလူမြ၏ အခန်းရှေ့သို့ ဖြတ်အလျှောက်။ နားထဲသို့ မိန်းကလေးတစ်ယောက်၏ အထိတ်တလန့်ဖြစ်နေသည့်အသံက သဲ့သဲ့လေးဝင်ရောက်လာ၏။ ထူးဆန်းမှုဟု မယူဆသည့်တိုင် မသိစိတ်၏လှုံ့ဆော်လာမှုကြောင့် အခန်းနံရံကို နားနှင့်ကပ်ထားလိုက်ပြီး အခန်းတွင်းမှ အသံများကို အာရုံစူးစိုက်ကာ နားထောင်နေသည်။ ထိုစဉ် အမျိုးသမီးတစ်ဦး၏ ငိုသံပါကြီးနှင့် တောင်းပန်နေသည့် အသံများနှင့်အတူ ဦးလူမြ၏ ဟားတိုက်ရယ်မောသံတို့က တစ်ဆက်တည်းဆိုသလို ထွက်ပေါ်လာတော့၏။

ဦးလူမြအဖို့ကား ရရှိလာသည့်အခွင့်အရေးကို လက်လွှတ်ခံမည် မဟုတ်မှန်း ထွန်းအောင် သိနေသည်။ မုဆိုးတစ်ယောက်လို ထောင်ချောက်ဆင်ပြီး သားကောင်ဖမ်းသည့်အမှုများတွင် ဆင်ကြံကြံပြီး ငွေအသပြာကို မက်လုံးပေးထား၏။ ဤနည်းဖြင့် အမျိုးကောင်းသမီးလေးများကို ခြေတော်တင်ခဲ့သည်ပင်။ ယခုလည်း ခြံမှလွတ်ထွက်သွားသည့် နွားသိုးရိုင်းကြီးတစ်ကောင်အလား မာန်ဖီနေလိမ့်မည်ထင်၏။

" ဝုန်း "

တဒင်္ဂအချိန်လေးအတွင်းမှာပဲ အသံကြီးတစ်ခုက ကျယ်ကျယ်လောင်လောင်နှင့် ထွက်ပေါ်လာတော့သည်။

အမြင်အာရုံထဲ၌ ဦးလူမြဆိုသူ၏ သွင်ပြင်လက္ခဏာများကို ပြန်တွေးကြည့်နေမိသည်။ သူသည် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အမြဲလိုလို ဒေါသကြီးနေတတ်သူပင်။ ပွရောင်းရောင်းနှာခေါင်းကြီးက မျက်နှာပေါ်မှာ အထင်းသား။ ပုကွကွဖြစ်နေသည့် သူ၏အရပ်အမောင်းက ရေအိုးဖင်ခန့်ရှိသည့် ဝမ်းဗိုက်ကို လွယ်ထားရပုံမှာ ကြည့်၍မကောင်း။ မကြာခဏဆိုသလို အရက်အခိုးများဝေနေပြီး နီရဲသောမျက်နှာကြီးက ဘီလူးသဘက် ပုံပမာ။ လေးဆယ်ကျော်အရွယ်သို့ရောက်နေသည့်တိုင် သန်မာထွားကျိုင်းမှုသည်ကား ခန္ဓာကိုယ်၌ အထင်းသားပေါ်လွင်နေ၏။

(၂)

" လူယုတ်မာကြီး ဟီး ဟီး ဟီး"

"ဦးက ကလေးကို ချစ်လို့ပါကွာ။ ချစ်လို့ပါ"

ထွက်ပေါ်လာသည့် အသံများကို နားထောင်ကြည့်ရုံဖြင့် မိန်းကလေးဖြစ်သူဘက်မှ အလိုမတူကြောင်း သိသာထင်ရှားနေသည်။

ထိုစကားသံများကြောင့် ထွန်းအောင်၏စိတ်တို့ ရှုပ်ထွေးသွားရသည်။ အခန်းတွင်းမှ ထိုမိန်းကလေးသည် ယခုလိုဖြစ်ရမည်ကို တကယ်ပဲ မသိခဲ့လေသလားဟု တွေးထင်ပြီး အံ့ဩနေမိသည်။

"ဩော် ... ကြောင်ပါးကြီးရဲ့ မာယာပရိယာယ်တွေက တော်တော့်ကို ကြောက်စရာကောင်းပါလားနော်"

တွေးတောနေရင်းက တီးတိုးရေရွတ်လိုက်ပြီး နားကို ထပ်စွင့်ထားလိုက်သည်။

အခန်းတွင်းမှာတော့ ရုန်းရင်းဆန်ခတ်အသံများနှင့် ဆူညံပွက်လောရိုက်နေကြ၏။

"ချလွမ် "

"အောင်မာ နင်လို မိန်းမကများ။ အသာတကြည် လက်ခံလိုက်တာ မဟုတ်ဘူး။ ကဲ ရုန်းချင်အုံးကွာ"

" ဖြန်း ဖြန်း "

စကားသံဆုံးသည်နှင့် ဆင့်ကဲထွက်ပေါ်လာသည့် အသံက မိန်းကလေး၏ပါးကို ရိုက်လိုက်သည့်အသံဟု တပ်အပ်သိလိုက်မိသည်။

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မဘဝကို မဖျက်ဆီးပါနဲ့။ ကျွန်မဟာ မိကောင်းဖခင်သားသမီး တစ်ယောက်ပါ။ သားသမီးချင်း ကိုယ်ချင်းစာပေးပါ ဦးရယ် "

"ဘာ ငါက ဘာကို ကိုယ်ချင်းစာနေရမှာလဲ။ ငါပေးတာကို ယူတုန်းကတော့ယူပြီး ဟင် နင်က အခုမှ ဘာလူဝါးဝနေတာလဲ "

"ချလောက်"

အပြန်အလှန်ပြောဆိုနေကြရင်း မီးခလုတ်ပိတ်လိုက်သည့်အသံကို ကြားလိုက်ရပြန်၏။

(၃)

ရှိုက်ကြီးတငင် ငိုကြွေးရင်းက အခန်းအပြင်သို့ ပြေးထွက်သွားသည့် မိန်းကလေးကို ထွန်းအောင် မြင်တွေ့လိုက်ရချိန်။ ထိုသူမှာ အခြားသူမဟုတ်။ ထွန်းအောင်နှင့် တစ်ရပ်ကွက်တည်းသားချင်း ဖြစ်သည့် အေးမြဆိုသူပင်။ တကယ်တော့ အေးမြသည် ထွန်းအောင် တစ်ဖက်သတ်ချစ်နေရသည့် မိန်းမချောလေးတစ်ဦးဖြစ်သည်။ ဆင်းရဲသားရပ်ကွက်မှာ အတူတူနေထိုင်ကြရင်း မိဘအပေါ်ကို သိတတ်သည့် လိမ္မာရေးခြားရှိသော အေးမြကို ထွန်းအောင်အပါအဝင် မြင်သူတိုင်းလိုလို သဘောကျနှစ်ခြိုက်ကြ၏။

ထွန်းအောင်အဖြစ်က သူရဲဘောကြောင်သူဟု ဆိုရမည်လား။ မိသားစု၏စားဝတ်နေရေးအတွက် မကောင်းမှုများကို လုပ်ကိုင်နေသည့် ဦးလူမြထံ၌ တပည့်အဖြစ်ခံယူနေသည့်တိုင် သတ္တိကတော့ လားလားမျှမရှိ။ ဟိုယခင်ကတည်းက ဦးလူမြ၏ လုပ်ဆောင်ချက်ကို သဘောကျမှု မရှိခဲ့။ သို့သော် မဆန့်ကျင်ရဲသလို မကန့်ကွက်ဖြစ်ခဲ့။ ထွန်းအောင် အဖြစ်က မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလို ဦးလူမြကို သဘောကျသယောင်ဖြင့် ခိုင်းစေသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ပေးနေရသည်။

အဝေးသို့ ပြေးထွက်သွားသည့် အေးမြကို ငေးကြည့်နေရင်းက ထွန်းအောင်တစ်ယောက် သက်ပြင်းတွေ အကြိမ်ကြိမ်ချနေမိတော့သည်။

"ဟေ့ကောင် ငထွန်း။ အဲဒီကောင်မလေးက မင်းတို့ရပ်ကွက်ထဲကမို့လား။ မင်းဆီလာရင်း မင်းတို့ရပ်ကွက်ထဲမှာ ဒီကောင်မလေးကို ငါတွေ့ဖူးပါတယ် "

" ဟုတ်ပါတယ်။ သူက ငါတို့ရပ်ကွက်ထဲက "

ပြောရင်းဆိုရင်း ရင်ထဲ၌ မချိမဆန့်ဖြစ်နေမှုအတွက် သက်ပြင်းရှည်ကြီးကို ဆွဲချနေမိပြန်၏။

"ဟ ငထွန်း။ မင်းပုံစံကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာလဲ သူက မင်းနဲ့အမျိုးတော်လို့လား "

"မဟုတ်ပါဘူးကွာ"

" မင်းစိတ်ထဲတစ်ခုခုဖြစ်နေတာ ငါသိပါတယ်ကွာ။ မင်း ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကို ပြောပြပါ "

လုပ်ဖော်ကိုင်ဖက်ချင်း စိတ်တူကိုယ်တူဖြစ်နေကြသည့် သူငယ်ချင်း၏ အမေးကို ထွန်းအောင် ခေါင်းမရှောင်ချင်တော့။ ရင်ထဲမှာ ခံစားမှုများဖြစ်လာလျှင် ရင်ဖွင့်တတ်ကြခြင်းသည်ကလည်း စိတ်သက်သာရာရစေသည်မို့ အမှန်အတိုင်း ရင်ဖွင့်လိုက်တော့သည်။

"ဦးလူမြကြီး တော်တော်ရက်စက်တယ်ကွာ။ စာနာစိတ်လုံးလုံး မရှိတဲ့လူကြီး။ နောက်ပြီး သူက ငါ တကယ့်ကိုမြတ်နိုးတန်ဖိုးထားပါတယ်ဆိုတဲ့ ပန်းကလေးတစ်ပွင့်ကို နင်းခြေပစ်လိုက်တာကွ။ ငါ ဘာဆက်လုပ်ရမလဲကွာ။ ငါ့ကို အကြံပေးစမ်းပါအုံး"

" ဟင်ဒါဆို ခုနကောင်မလေးက မင်းရဲ့ချစ်သူပေါ့ "

" ငါ့ချစ်သူဆိုတာထက် ငါ့ဘက်က တိတ်တခိုးချစ်နေရတဲ့သူဆိုရင် ပိုပြီး မှန်ပါလိမ့်မယ် သူငယ်ချင်းရာ။ သူဟာ မိဘအပေါ်ကိုသိတတ်တဲ့ သမီးအလိမ္မာလေးတစ်ယောက်ပါ။ ဟူး...ဒီလောက် အနေအထိုင်ကောင်းတဲ့သူကိုတောင် ဦးလူမြက မရရအောင် ခြေတော်တင်ပစ်ရက်တယ်ကွာ "

" တောက် "

ထွန်းအောင်စကားဆုံးသည်နှင့် သူငယ်ချင်းဖြစ်သူက အသံပြင်းပြင်းနှင့် တောက်ခေါက်လိုက်၏။ ထွန်းအောင်က ပါးပြင်ထက်သို့ စီးကျနေသည့် မျက်ရည်စက်များကို ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။ အံကိုကြိတ်ရင်းက လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သေးသည်။

မိမိ ချစ်မြတ်နိုးသည့် မိန်းကလေး၏ အပျိုစင်ဘဝကို ကယ်တင်မပေးနိုင်ခဲ့ခြင်းအပေါ် စိတ်မကောင်းဖြစ်နေမိ၏။ ထိုနေ့မှစ၍ ထွန်းအောင်အဖို့ကား နေ့စဉ်နေ့တိုင်းဆိုသလို ကြံစည်တွေးတောမှုများဖြင့် ခရီးဆက်နေဖြစ်တော့သည်။

(၄)

ဆီဦးထောပတ်စသည့် စားကောင်းသောက်ဖွယ်များကို စားသုံးပြီး အဆီယစ်နေသည့် ဦးလူမြက ဆိုဖာထက်၌ လောကစည်းစိမ်ကို ခံစားနေ၏။ ဘေးနားမှ နှိပ်ပေးနေကြရသည့် တပည့်တပန်းများကလည်း သူ့ထက်ငါနှင့် ပျာယာခတ်နေကြသည်။ အရက်ငှဲ့ပေးသူ၊ အမြည်းခွံကျွေးသူနှင့်။ ဦးလူမြဆီက ပေးလာမည့် ဘောက်ဆူးငွေကို မျှော်လင့်တောင့်တနေကြရင်း။

"ကဲ တော်တော့။ ဒါနဲ့ ဒီနေ့ ငါ့အတွက် ပျော်တော်ဆက်မဲ့သူက ဘယ်သူလဲ "

"ဒီနေ့ကိစ္စအတွက် ဟိုကောင်ငထွန်း တာဝန်ယူထားပါတယ် အာစိ"

" ဩော် . . .အေး။ ဒါနဲ့ အဲဒီကောင် ဘယ်မှာလဲ။ သွားခေါ်လိုက်စမ်းကွာ"

ထွန်းအောင်ကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ဦးလူမြက မျက်နှာချိုသွေးနေလိုက်သေး၏။

"ငထွန်း ဒီနေ့ ငါ့အတွက် အစီအစဉ်က "

" ဟုတ် ခဏနေ ရောက်လာပါလိမ့်မယ် အာစိ"

ကျေနပ်မှုအပြုံးနှင့် ဟန်ကျ၊ ပန်ကျ ပြုံးနေတော့၏။ အနီးနားမှ တပည့်တစ်ယောက်ကိုလည်း ထုံးစံအတိုင်း သူ၏ အားတိုးဆေးအတွက် ငှက်ပျောသီးနှင့် နွားနို့ခွက်တို့ကို ယူဆောင်ပေးဖို့ မှာကြားနေ၏။ ဤအချက်ကို ကြိုတင်သိနေသည့်ထွန်းအောင်က အလျှင်စလိုပဲ ယူဆောင်ပေးလိုက်သည်။

(၅)

နွားနို့ခွက်ထဲကို အိပ်ဆေးခတ်ထားသည်မို့ ဦးလူမြမှာ လောကကြီးနှင့် ခဏတာမျှ အဆက်အသွယ်ပြတ်တောက်သွားတော့သည်။ တပည့်တပန်းဆိုသူများကလည်း ဆင်ဖြူတော်မှီပြီး ကြံစုပ်လိုက်ကြ၍ အမူးကြီး မူးနေကြလေပြီ။ ထွန်းအောင် ကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း သက်ဆိုင်ရာမှ တာဝန်ရှိသူများ ရောက်ရှိလာကြသည်။

" ရဲအရာရှိကြီးများ ခင်ဗျ။ ဒီလူကြီးဟာ ယခုလို

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၄၂၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၆၄၂၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၄၂၆ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲ ကေ ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ၆၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှု အနေနဲ့ အောင်မြင် ဖြစ်ထွန်းနေပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိရေး၊ ပေါင်းမြက်ကင်းစင်ရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းများယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

အမျိုးသမီးလေးတွေကို ပန်းကောင်းအညွန့်ချိုးလုပ်လာခဲ့တာ ကြာခဲ့ပါပြီ။ သူဟာ ရေသန့်စက်ရုံကို ဗန်းပြပြီး နောက်ကွယ်မှာ ဒုစရိုက်လုပ်ငန်းတွေနဲ့ ကြီးပွားချမ်းသာနေသူ တစ်ယောက်ပါ"

" ဟုတ်ကဲ့ အခုလို တာဝန်သိစိတ်နဲ့ ဝိုင်းဝန်းကူညီပေးတာ ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်တို့လဲ ဒီလူ့ကို စောင့်ကြည့်နေတာ ကြာပါပြီ။ သူ့ကြောင့် ကျွန်တော်တို့ စခန်းကို ငိုယိုပြီး ရောက်လာတတ်ကြတဲ့ မိဘတွေလဲ အတော်များနေပါပြီ။ တချို့ဆို ဒီလူကြီးရဲ့ စော်ကားမှုကို ခံလိုက်ရလို့ ကိုယ့်အသက်ကို စတေးသွားကြတယ်လို့ တောင်ကြားသိရပါတယ်။ သူ့ကြောင့် လင်ကောင်မပေါ်တဲ့ ကလေးအမေတွေလဲ မနည်းတော့ပါဘူး။ အင်း ပြောရမယ်ဆိုရင်တော့ ပြောမကုန်ဘူးဗျာ။ ခက်တာက လက်ဆုပ်လက်ကိုင် မမိသေးတော့ ကျွန်တော်တို့လဲ အချိန်ကောင်းကို စောင့်ကြည့်နေကြရတာပါ။ သူကိုယ်တိုင်က အရှောင်အတိမ်းကောင်းလွန်းနေခဲ့တာလဲ ပါ ပါတယ်လေ "

ခုတင်မွေ့ရာထက်မှာ မှေးစက်နေသည့် ကြောင်ပါးကြီးခေါ် ဦးလူမြကို လက်ထိတ်ခတ်လိုက်ကြ၏။ အသုံးတော်ခံအဖြစ် ရောက်ရှိနေသည့် အမျိုးသမီးကလေးက အိပ်စက်မသွားခင် အချိန်လေးမှာ ဦးလူမြ၏ တဏှာစိတ်ထက်သန်နေသည့်စကားများကို အသံဖမ်းစက်ဖြင့် ဖမ်းယူထားခဲ့ဖြစ်၏။ မည်မျှပင် အရှောင်အတိမ်းကောင်းနေစေကာမူ အမှန်တရားဟူသည်ကား ပျောက်ကွယ်သွားရိုး မရှိဆိုသည်ကို ယခုတော့ ဦးလူမြတစ်ယောက် ကောင်းကောင်းသဘောပေါက်သွားလိမ့်မည်ထင်ပါသည်။

(၆)

ယခုဆိုလျှင် ဦးလူမြသည် ထောင်သားဘဝဖြင့် ကာလကြာမြင့်စွာအထိ ပြစ်ဒဏ်များကို ပေးဆပ်နေရလေပြီ။ ပြစ်မှုများစွာရှိသည့်အနက် မုဒိမ်းမှုဆိုသည့် ပြစ်မှုကား လူသားတိုင်း အရွံမုန်းဆုံး ပြစ်မှုတစ်ခုဖြစ်သည်။ ထိုအတွက် ဦးလူမြဆိုသူသည် ထောင်ထဲ၌ အများတကာ၏ အထင်သေး၊ အမြင်သေးခြင်းကိုလည်း ခံရပေဦးမည်။ ပေအဖြစ်တစ်လှည့်ပြန်ပြီး ခံရသည့် ဦးလူမြအဖြစ်ကို တွေးမိပြီး ထွန်းအောင် မျက်နှာ၌ အပြုံးတစ်ခု ဖြစ်တည်လာ၏။

ဟိုယခင်က ရုံဖန်ရံခါဆိုသလို ပန်းကောင်းလေးများ၏ ကြွေကျမြေခရသည့် ဖြစ်စဉ်များကို မြင်တွေ့နေခဲ့ရသော်လည်း ကာကွယ်မပေးနိုင်ခဲ့။ ယခုတော့ သူရဲဘောကြောင်ခဲ့မိသည့် ထွန်းအောင်၏ စိတ်ဓာတ်တို့သည် ပျော့ညံ့မနေဖြစ်တော့။

လောကအလယ်၌ အရောင်အသွေးမျိုးစုံဖြင့် လှပတင့်တယ်စွာ ပွင့်လန်းနေကြသည့် ပန်းကလေးများကိုကြည့်ပြီး ထွန်းအောင် မြတ်နိုးသည်။ တန်ဖိုးလည်း ထားနေမိသည်။ ထို့ကြောင့်လည်း တဏှာရာဂအတ္တဖြင့် ပန်းများကိုဖျက်ဆီးသည့် ဦးလူမြ၏ လုပ်ရပ်များကို ချေမှုန်းလိုက်ခြင်း ဖြစ်သည်။

ပန်းဆိုသည်ကား ပင်ယံထက်မှာ လှပတင့်တယ်နေသလောက် မြေပြင်ပေါ်သို့ ဆင်းသက်သွားရသည့်အခါ လူတကာ၏ အနင်းခံဘဝကို ရောက်သွားရသည့်အဖြစ်ကို ထွန်းအောင် နားလည်သည်။ ထိုသို့ ပျက်စီးမှုဖြစ်စဉ်ကို ဦးလူမြလည်း သိနေလိမ့်မည် ထင်ပါ၏။ သို့သော် ဦးလူမြ၌ ထိုသို့သော စာနာနားလည်မှုဟူသည့်စိတ်ထားမျိုး ရှိခဲ့လိမ့်မည်ဟု ထွန်းအောင် မထင်။ ဦးလူမြလို ပန်းဖျက်မုဆိုးကြီးများ ဤကမ္ဘာလောကကြီး၌ မရှိနိုင်တော့လေအောင် ကာကွယ်မည့်အသိက ထွန်းအောင်စိတ်ထဲ၌ စွဲထင်နေပြီဖြစ်သည်။ ထို့အတွက် အရေးကြုံလာလျှင် ကြုံလာသလို ကာကွယ်ပေးတတ်ဖို့ကိုလည်း ထွန်းအောင်၏ အသိစိတ်က အသင့်နေရာယူထားပြီး ဖြစ်လေသည်။

တစ်ဆက်တည်းမှာပဲ ရင်ထဲမှ တိတ်တခိုးချစ်ခဲ့ရသူ အေးမြဆီသို့ အတွေးများက သယ်ဆောင်သွားပြန်၏။

(၇)

အေးမြတို့အိမ်ကလေးရှိရာသို့ သွားနေသည့် လမ်းတစ်လျှောက်။ အတွေးများနှင့်အတူ ကြည်နူးမှုများက ထွန်းအောင်စိတ်ထဲ၌ တဖွားဖွား ပေါ်ပေါက်လာသည်။ ခြေလှမ်းတိုင်းက တုံ့ဆိုင်းမှုမရှိ တွေဝေမှုမရှိ။ တစ်ချိန်က ထွန်းအောင်၏ဆန္ဒကို သိမြင်နေခဲ့ပြီးဖြစ်သည့် အေးမြက ထွန်းအောင်ကိုတွေ့လျှင် အပြုံးနှင့် ဆီးကြိုနေမည်လား။

ထွန်းအောင်၏ အချစ်က ယနေ့အချိန်အထိ ခိုင်မြဲစွာ ရှိနေသည်။ ယခုအခါ အေးမြအပေါ်ကို ကိုယ်ချင်းစာခြင်းနှင့်အတူ ကရုဏာသက်စိတ်ပင် ပိုလာခဲ့ပြီဖြစ်၏။ အပျိုစင်ဘဝကို ဖျက်ဆီးခံလိုက်ရသည့် အေးမြက ပေါက်သည့်နဖူး မထူးတော့ဟုဆိုပြီး ရှေ့ဆက်တိုးမည် မဟုတ်မှန်း ထွန်းအောင်စိတ်ထဲက ယုံကြည်ထားသည်။

" အေးမြရေ တစ်ချိန်က နင့်အဖြစ်ကို အချိန်မီ ကာကွယ်မပေးနိုင်ခဲ့ပေမဲ့ နင့်လိုမျိုး ပန်းကောင်းလေးတွေ အညွန့်မကျိုးရတော့အောင် ပန်းဖျက်မုဆိုးကြီးကိုတော့ ဒဏ်ခတ်ပေးနိုင်ခဲ့ပါပြီ။ မြေပြင်ပေါ်ကို မရှုမလှနဲ့ ကြွေကျသွားတဲ့ ပန်းကလေးတစ်ပွင့်ကို ကောက်ယူနမ်းရှိုက်ဖို့ အစ်ကို့ကို ခွင့်ပြုပေးပါ အေးမြရယ် "

ရင်ထဲ၌ စကားများက ဘောင်ဘင်ခတ်လာနေပြီဖြစ်၏။

လမ်းခုလတ်တစ်နေရာအရောက် ထွန်းအောင်၏ခြေလှမ်းများက ချက်ချင်းဆိုသလို တုံ့ဆိုင်းသွားတော့၏။

" ဟင် "

လမ်းမပေါ်၌ ရှိနေသည့် အဖြူရောင်စံပယ်ပန်းကလေးတစ်ပွင့်။ တက်နင်းမိတော့မလို ဖြစ်သွား၍ အချိန်မီခြေလှမ်းကို ချုပ်တည်းလိုက်ရ၏။ ထို့နောက် ထွန်းအောင်သည် စံပယ်ပန်းကလေးကို တယုတယ ကောက်ယူလိုက်သည်။ ကြွေကျနေသည့်တိုင် လှပမှုများနှင့်အတူ မွှေးရနံ့က မပျက်ပြယ်သေးသည့် ပန်းကလေးကို ထွန်းအောင် ညင်သာစွာ နမ်းရှိုက်လိုက်၏။

## သာယာအေးမြ နတ်တော်လ

- နတ်တော်ကာလ နဝမဟု
ထွန်းပကြိမ်ရေ ကျရောက်နေလို့
မသွေချမ်းတုန် နှင်းလွှာခြုံ၍
မွှေးထုံတင့်လျှမ်း မြတ်ပန်းသဇင်
ဖူးပွင့်ဆင်သည် ကောင်းကင်ယံထက်
နက္ခတ်စုံညီ မိဂသီတည်း။

- ရာသီအေးမြ နတ်တော်လတွင်
ဒေသဂုဏ်ဆောင် ပုပ္ပားတောင်၌
ရည်ဆောင်နတ်ကနား ကျင်းပပြားမို့
ရွာသားပုဂံ ဝန်းရံစုပေါင်း
လာရောက်ကြောင်းဖြင့် ရှေးဟောင်းချိန်ခါ
ရိုးရာအယူအဆ လိုက်နာကြတည်း။

- စာဆိုတော်ပွဲ စဉ်လာမြဲ၍
နက်နဲစာမူ ထူးချွန်သူအား
ဂုဏ်ယူကြစေ ချီးမြှောက်နေလို့
စာပေအစွမ်း တက်လှမ်းဖို့ရာ
ရည်မှန်းပါသည် ချိန်ခါသတ်မှတ်
လနတ်တော်မှာ ကျင်းပကာတည်း။

- ထွန်းပတည်ကြောင်း နေ့မိုးဆောင်းဟု
ချိန်ပြောင်းကာမျှ ဟေမန္တတွင်
ဒေသသီးနှံ ရိတ်သိမ်းပြန်လို့
သဏ္ဌာန်အလှူပွဲ ဆင်နွဲပြည်သူ
ကောင်းမှုယူသည် ကြည်ဖြူစိတ်ထား
ပွားများရွှင်ပျော် လနတ်တော်တည်း။ ။

**စိန်ဌေးလှိုင်(ဟိုပုံးမြေ)**

## မောက်မယ်မြို့နယ် ကဒူးလေးကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မောက်မယ် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒူးလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP )ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကဒူးလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီအချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကဒူးလေးကျေးရွာ၌ လမ်းအရှည် ပေ၇၀၀ ၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့်ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ်၁၅သန်းနှင့်ပြည်သူ့ထည့်ဝင်ငွေကျပ် ၃ ဒသမ ၁၅ သန်း အသုံးပြု၍ စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ခါးသီးသော

**သတင်းစာဆရာတစ်ဦး**

အနီးအဝေး အနိမ့်အမြင့် အခြေအနေအမျိုးမျိုးတွင် လူအမျိုးမျိုးနှင့် တွေ့ကြုံရင်ဆိုင်ဖြတ်သန်းခဲ့ရသောအခါ လူဆိုသည်မှာ မိမိအတွေ့အကြုံ မြင်ရကြားရသမျှ အကန့်အသတ်ဘောင်အတွင်းမှသာ သိနိုင်မြင်နိုင် သဘောပေါက်လက်ခံနိုင်တာပါကလားဟု နားလည်လာရသည်။ တစ်ဦးချင်းစီ၏ ဗီဇအရည်အသွေး ဘုန်းကံပါရမီ ကွာဝေးသော၊ မမြင်ရသည့် အတိတ်လမ်းကြောင်းချင်းလည်းမတူ။ ဖြတ်သန်းကျင်လည်ရသောပတ်ဝန်းကျင်နှင့် သွန်သင်ညွှန်ပြခဲ့သောဆရာ၊ မိဘတို့၏ ဆောင်ရန်၊ ရှောင်ရန် နီတိသင်ရိုးကျမ်းစာချင်းကလည်း ကွဲပြားခြားနားကြသည် မဟုတ်လား။ ထို့ပြင် လောကခံရှစ်ပါး၏ အထုအထောင်း အတက်အဆင်း အကွေ့အကောက်တွေကလည်း ခန္ဓာကိုယ်မှာ ဒဏ်ရာဒဏ်ချက်သွေးထွက်ခဲ့ရယုံမျှမက စိတ်ကြေးမုံမှာလည်း အက်ကြောင်း၊ အစင်းကြောင်းတွေ ထင်ခဲ့ရသည်လည်းရှိတတ်ပေသည် မဟုတ်လား။

မိမိကိုယ်တိုင် တရွေ့ရွေ့ပြောင်းလဲခဲ့ပုံများကိုလည်း သတိမူမိလာပါ၏။ ဥပမာ စာရေးသူ ငယ်စဉ်က ကြက်ဟင်းခါးသီးချက်လျှင် လုံးဝမစားပါ။ မိမိအတွက် ကြက်ဥတစ်လုံး အမေက သီးသန့်ကြော်ပေးရပါသည်။ ကြက်ဟင်းခါးသီးကို အထက်တန်းကျောင်းသားဘဝ သူတစ်ပါးအိမ်မှာ မှီခိုပြီးကပ်၍ နေရသောအချိန်တွင်ကား ရွေးချယ်ပိုင်ခွင့်မရှိတော့ဘဲ အလိုက်သင့်သာ နေရ၊ စားရသဖြင့် ကြက်ဟင်းခါးသီးချက်ကို မကြိုက်ခဲ့သော်လည်း ကြိတ်မှိတ်၍ စားရင်းစားရင်းနှင့်ပင် အခါးအရသာကို ခံတွင်းတွေ့တတ်သွားပါလေတော့သည်။ ကြက်ဟင်းခါးသီးကို အင်္ဂလိပ်လို Bitter fruit အခါးသီးဟု ခေါ်ကြောင်းလည်း အဘိဓာန်မှာ ရှာကြည့်ရင်း သိလာခဲ့ပါသည်။

တက္ကသိုလ်ကျောင်းသားအရွယ်နှင့် လုပ်ငန်းခွင်ဝယ် လူတောသူတောထဲ တိုးဝင်ရသောအခါ မိမိအဖို့ မနှစ်မြို့သော ခါးသီးမှုအရသာမျိုးတွေလည်း မလွှဲမရှောင်သာဘဲ လက်သင့်ခံရပါတော့သည်။ ကျင့်ဝတ်နှင့်မညီသော်လည်း စည်းကမ်းနှင့် မကိုက်လှသော်လည်း မျက်နှာလွှဲရခြင်းမျိုးတွေ ကြုံရတတ်သည်။ တစ်ရွာနှင့် တစ်ယောက်ဖြစ်နေလျှင် ဒီမိုကရေစီစနစ် သဘောမဲခွဲရလျှင်လည်း မိမိဘက်မှာ မဲအရေအတွက် အလွန်နည်းနေမှာ သိနေမှတော့ အလျှော့ပေးလိုက်ရသည်မျိုးလည်း ကြုံဖူးကြပါလိမ့်မည်။ လောကကြီးမှာ အဆင်ပြေအောင် နေတတ်ဖို့ရာ လိုသည်မဟုတ်လား။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ဆေးခါးကြီးကို မြိုချခဲ့ရသည်လည်း ရှိတတ်သေးသည်။ ခါးသီးသော အမှန်တရားလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မိမိက ဖျားနေသဖြင့် ဆရာဝန်က အဖျားဖြတ်ဆေးတိုက်ခြင်းမျိုးလည်း ဖြစ်တတ်ပေသည်။ ငှက်ဖျားရောဂါထူပြောသော အရပ်ဒေသတွင် နှစ်ပေါင်း အတော်ကြာကြာပင် ထိုအချိန်က ကြိုတင်ကာကွယ်ဆေးအဖြစ် ကွီနိုင်ငှက်ဖျားကာကွယ်ဆေးကို မှန်မှန်သောက်ရသည်။ ကြိတ်မှိတ်ပြီး မြိုချခဲ့ရသည်သာ။

အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းသားအရွယ်မှစ၍ ယနေ့အထိ စာရေးသူက ကဗျာ၊ လင်္ကာကို နှစ်သက်တန်ဖိုးထားသူဖြစ်ခဲ့ပါသည်။ ကဗျာကို ကောင်းစွာမရေးဖွဲ့တတ်သော်လည်း ကဗျာဆို ချစ်သည်။ ကဗျာကို မြတ်နိုးသည်။ ကဗျာဆရာများဆို လေးစားသည်။ မြန်မာကဗျာများကို ရှေးခေတ်ကဗျာများရော၊ မျက်မှောက်ခေတ်ကဗျာ၊ ခေတ်ပေါ်ကဗျာအထိ ဖတ်သည်၊ မှတ်သည်၊ အမြတ်တနိုးသိမ်းဆည်းခဲ့သည်။

မြန်မာစာပေသမိုင်းကိုလေ့လာလျှင် မြန်မာလူမျိုးသည် ကဗျာကို တန်ဖိုးထားဦးစားပေးခဲ့သလောက် စကားပြေကိုကား တန်ဖိုးထားလေးစားတတ်မှု အားနည်းခဲ့သည်ဟု ဆရာကြီးဦးဖေမောင်တင်က ရေးသည်ကို ဖတ်မိသောအခါ ဘဝင်မကျ။ အကြိုက်မကျဖြစ်မိ၏။ စကားပြေထွန်းကားမှ စကားပြေစာပေထိုက်သင့်သည့်နေရာမှာ စနစ်တကျနှင့် ကောင်းမွန်အောင် တန်ဖိုးထားအသုံးချမှသာ ထိုလူမျိုး၏ လူမှုစီးပွားရေးဘဝ တိုးတတ်ကြီးပွားမြင့်မားနိုင်ကြောင်း မီးမောင်းထိုးပြခဲ့ကြသော ဆရာဒဂုန်ရွှေမျှား၊ ရွှေဥဒေါင်း၊ မောင်ဖြူး၊ ဇေယျ၊ မောင်ထင်၊ ဒေါက်တာထင်အောင်၊ ဒေါက်တာလှဘေ စသည် စသည် ကျေးဇူးကြီးမားလှစွာသော ဆရာကြီးများ၏ စာပေများကို ဖတ်ရ သိရမှ စကားပြေ၏ အဓိကကျပုံ၊ လေးနက်ပုံ၊ အဖိုးတန်လှပုံကို သဘောပေါက်ခဲ့ရပါ၏။ လက်ကိုင်တယ်လီဖုန်းပေါ်တွင် စာလုံးပေါင်းမမှန်၊ သတ်ပုံမှားယွင်း၊ သဒ္ဒါမတတ်၊ ရေးထုံးနားမလည်ဘဲ ရေးချင်ရာရေးနေကြသူတွေကို အော့ကြောလန်အောင်တွေ့ရမှ အထိတ်တလန့် မိမိတော်တော်လွဲချော်ခဲ့တာပဲဟု သတိပြုမိတော့၏။ ကဗျာရှူး၊ စာရှူးဆိုတော့ ကဗျာပဲ အမွှန်းတင်ချင်နေခဲ့မိ။ စကားပြေ၏ တန်ဖိုးကြီးမြင့်ခြင်းကို အသက်ကြီးလာမှသာ မော်ကြည့်တတ်ပါတော့သည်။

ကိုယ့်ခံစားချက်အခံနှင့် ခါးသီးသော အမှန်တရားကို ထင်ထင်ရှားရှားလက်ခံရခြင်းသဘောတစ်ခု ဆိုရမည်။

နှစ်ဆယ်ရာစုအစောပိုင်းမှာ ကာရန်တွေ၊ နဘေတွေနှင့် စကားပြေဝတ္ထုများရေးသားနေခဲ့ကြသော ခေတ်မှ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ စကားပြေအရေးအသားမှ ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ ဂျိမ်းစ်လှကျော်မှသည် ခေတ်စမ်းစာပေစကားပြေ သိပ္ပံမောင်ဝ၊ သိန်းဖေမြင့်၊ ဂျာနယ်ကျော်ဦးချစ်မောင်(ရွှေလင်းယုန်)တို့၊ ဦးဖိုးကျားတို့စကားပြေများ ကျယ်ပြန့်လူကြိုက်များလာခဲ့သော ရေစီးကြောင်းကို တွေ့ရပေမည်။

**ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ ဂျိမ်းစ်လှကျော်**တို့စိတ်ကူးစိတ်သန်း ပိုမိုကျယ်ပြန့်လာခြင်းသည် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စာပေကို ထိတွေ့သိမြင်ရသော အကျိုးဆက်ဖြစ်ကြောင်း နှစ်ပေါင်းအတော်ကြာမှ သဘောပေါက်နားလည်မိပါသည်။ ခေတ်ပညာနှင့် အတွေးအခေါ်အရည်အဆင့်တွင် သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတဦးမောင်ကြီးတို့သည် အင်္ဂလိပ်စာမတတ်သဖြင့် တစ်ပန်းရှုံးပါသည်ဟု ဒေါက်တာမောင်ဖြူးက သုံးသပ်ပြခဲ့သည်။ သူက အင်္ဂလိပ်စာမတတ်သောကြောင့် ဦးပုညပင်လျှင် စိတ်ကူးသစ်ပါးရှားပါသည်ဟု ရေးခဲ့ပေသည်။ ဦးပုညကို အလွန်ကြိုက်သော မိမိအတွက် ခါးသီးသောအမှန်တရားနှင့် ကြုံလိုက်ရပြန်၏။

အင်္ဂလိပ်စာတတ်တိုင်း ခေတ်ပညာကိုရသင့်သလောက်ရသည်ဟုကား မဆိုလိုချေ။ အင်္ဂလိပ်စာပေ၏ ကျယ်ပြန့်သောနယ်ပယ်များကို လေ့လာပါမှသာ အမြင်ကျယ်မည် အတွေးအခေါ်ပွင့်လင်းမည်ဟု ဆိုလိုပါသည်။ မိမိစာပေမြန်မာကိုလည်း ပိုမိုအားကောင်းအောင် ပျိုးထောင်ပြုစုကြရမည်ဟု အလေးအနက်သတိပေးပါသေးသည်။ ကိုယ့်စာကို ပစ်ပယ်၍ သူတစ်ထူးစာကို လုံးပန်းမှုသည် တိုင်းပြည်အဖို့သော်လည်းကောင်း၊ မိမိအဖို့သော်လည်းကောင်း၊ အကျိုးယုတ်ချေမည်ဟု သတိပေးပါသည်။

> ❖ ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ ဂျိမ်းစ်လှကျော်တို့ စိတ်ကူးစိတ်သန်း ပိုမိုကျယ်ပြန့်လာခြင်းသည် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စာပေကို ထိတွေ့သိမြင်ရသော အကျိုးဆက်ဖြစ်ကြောင်း နှစ်ပေါင်းအတော်ကြာမှ သဘောပေါက်နားလည်မိပါသည်။ ခေတ်ပညာနှင့် အတွေးအခေါ်အရည်အဆင့်တွင် သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတဦးမောင်ကြီးတို့သည် အင်္ဂလိပ်စာမတတ်သဖြင့် တစ်ပန်းရှုံးပါသည်ဟု ဒေါက်တာမောင်ဖြူးက သုံးသပ်ပြခဲ့သည်။ သူက အင်္ဂလိပ်စာမတတ်သောကြောင့် ဦးပုညပင်လျှင် စိတ်ကူးသစ်ပါးရှားပါသည်ဟု ရေးခဲ့ပေသည်။ ဦးပုညကို အလွန်ကြိုက်သော မိမိအတွက် ခါးသီးသောအမှန်တရားနှင့် ကြုံလိုက်ရပြန်၏။ ❖

**၁၉၆၀ ပြည့်အချိန်**(လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကာလ)**တွင် အိန္ဒိယနိုင်ငံဝယ် လူဦးရေသန်းပေါင်းလေးရာရှိသော်လည်း** ဘင်္ဂါလီစာပေသာမက အင်္ဂလိပ်စာကိုပါ ဘာသာရပ်တစ်ခုအနေဖြင့် ကောင်းစွာတတ်မြောက်ခဲ့ပြီး အင်္ဂလိပ်လို ကိုယ်တိုင် **"ဂီတဉ္ဇလီကဗျာများ"** ရေးသားသီကုံးနိုင်ခဲ့သော **ရာဘင်ဒြာနတ်တဂိုး** တစ်ဦးသာလျှင် နိုဘယ်စာပေဆုကို ဆွတ်ခူးပါသည်။ အင်္ဂလိပ်ဘာသာဖြင့် စာဖတ်စွမ်းရည်ရှိမှ နိုင်ငံတကာ စာဖတ်ပရိသတ်၏နားဆီသို့ ချောချောမောမောရောက်သွားအောင် ရေးဖွဲ့နိုင်ပေမည်။ မိမိ၏ကိုယ်ပိုင်စိတ်ကူးကို ကမ္ဘာတစ်ဝန်း ပရိသတ်သို့ အနုပညာရသမြောက်အောင် ပို့တတ်သောစွမ်းရည်ရှိဖို့ လိုအပ်သည်။ နိုင်ငံတကာနှင့် ယှဉ်နိုင်ခြင်းအဆင့်။

ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဇေယျ၊ မောင်ထင် စသော ၂၀ ရာစု စာရေးဆရာများ၏ စာကောင်းပေကောင်းများ ယနေ့ထက်တိုင် မရိုးနိုင်ဘဲ ဖတ်ရှုလေ့လာ၊ နှစ်သက်သဘောကျနေခြင်းကား အမြင်ကျယ်သော အတွေးအခေါ်အမြော်အမြင်ရှိသော စာပေဖြစ်ခြင်းကြောင့်ပင်မဟုတ်ပေလော။ ဝါးလုံးခေါင်းထဲက လသာနေခြင်းမဟုတ်။

**"အင်္ဂလိပ်စာသည် အသုံးမှန်လျှင်ဆေး။ အသုံးမှားလျှင် ဘေးဖြစ်ချေသည်"**ဟု ဆရာကြီး ဒေါက်တာမောင်ဖြူးက ရေးဖူးပေသည်။ မြန်မာစာမှအရေးကြီး၊ အင်္ဂလိပ်စာက အရေးကြီးဟု တစ်ဖက်သတ်ဖြစ်နေလျှင် အကျိုးနည်းပါမည်။ ခေတ်ပညာကို ရယူရန် အင်္ဂလိပ်စာကို သင်ကြရသည်ဖြစ်သောကြောင့် အဖတ်(Reading)ကို ပဓာနပြုကြစေလိုသည်။

အဖတ်စည်ပင်သည်ကို အရင်းတည်ပါက စိတ်ဖြင့်အမြန်ဖတ်ကာ ဆိုလိုရင်းကိုသိအောင် ကြံဆောင်ပါက ဒေါက်တာရာဘင်ဒြာနတ်တဂိုးကဲ့သို့ အလွယ်တကူစွမ်းဆောင်နိုင်လာပါလိမ့်မည်ဟုဆို၏။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်က ရှုမဝမဂ္ဂဇင်းမှာ ဖော်ပြခဲ့သည့် ဆရာမောင်ဖြူး၏ ဆောင်းပါးကို ဖတ်ရင်း၌ပင် စာရေးသူမှာ အားမလို အားမရ ရင်နာလှပါသည်။ သူက **"တက္ကသိုလ်၌ ပညာဆည်းပူးလိုသော ကျောင်းသားထုမှာ အင်္ဂလိပ်စာ သို့မဟုတ် အခြားဘာသာကြီးတစ်ရပ်ကို ဖတ်တတ်ရမည်"** ဟု ဆိုခဲ့ပါ၏။ သို့သော် ယနေ့အခြေအနေတွင် တက္ကသိုလ်အသီးသီးမှ တက္ကသိုလ်ကျောင်းသားများ၊ ဘွဲ့ရပြီးသူများမဆိုထားနှင့် တက္ကသိုလ်များမှာ ပညာသင်ကြားပို့ချနေကြသော ဒေါက်တာ (Ph.D) ဘွဲ့ရဆရာ၊ ဆရာမများကိုယ်တိုင် အင်္ဂလိပ်စာတတ်မြောက်ကျွမ်းကျင်မှု၊ အဖတ်အရှု လေ့လာဆည်းပူးခဲ့မှုစွမ်းရည်များသည်ပင်လျှင် အားရကျေနပ်လှဖွယ် မတွေ့မိပါ။ အဝေးမြင်တင်ပြခြင်းသာ ဖြစ်၍ ရင်ထဲမှာ ခံစားနေရသည့် ခါးသီးသော အမှန်တရား (Bitter Truth) ကို ရိုးသားစွာ ရင်ဖွင့်မိခြင်းဖြစ်ပါသည်။ မှားသည်ရှိသော် သာဓကပြလိုပါ၏။ တကယ်ဆို မိမိပါရဂူဘွဲ့ယူခဲ့သောစာတမ်းကိုသာမက ကမ္ဘာ့ပညာရပ်ဆိုင်ရာ ဘဏ္ဍာတိုက်ကြီးထဲက အဖိုးထိုက်၊ အဖိုးတန်စာပေ၊ ကျမ်းစာများစွာတို့ကို တက္ကသိုလ်တွင် ဘာသာပြန်ပြီး လစဉ်လစဉ် ဖတ်ကြားပြသသည့် ဆွေးနွေးပွဲများ တင်ဆက်ကြသည့်အပြင် စာဖတ်သူအားလုံး ကျယ်ပြန့်စွာသိရှိနိုင်ကြစေရန် တိုက်ရိုက်ဖြစ်စေ၊ ပြန်လည်ရှင်းပြ ( Retold) ဖြစ်စေ လူထုထံ ရေးသားဖြန့်ဖြူးနေကြသူ တက္ကသိုလ်ဆရာ၊ ဆရာမများ မည်မျှများပြားနေပါသနည်း။

စိတ်ပညာနှင့် ပတ်သက်၍ ဒေါက်တာလှဖူးမှစ၍ ဒေါက်တာစိန်တူ၊ ဒေါက်တာကျော်စိန်၊ တက္ကသိုလ်ဘုန်းနိုင်( ဦးခင်မောင်တင့်)၊ ဦးအုန်းဖေ (M.A.Ms.B.L)၊ ဦးခင်မောင်သန်း(စိတ်ပညာ)၊ ဦးခင်မောင်ဆွေ (မန်းတက္ကသိုလ်) စသည်တို့ထိ (မိမိလက်လှမ်းမီရာ သိရှိသမျှ ) မရေမတွက်နိုင်လောက်အောင် ရာဂဏန်း၊ ထောင်ဂဏန်းမရှိလှသေးပါ။ ဘာသာရပ်၊ ဌာနများစွာ။

အင်္ဂလိပ်စာသည် ကမ္ဘာ့စာပေ၏ ဘဏ္ဍာတိုက်ကြီးဖြစ်ပါသည်။ စင်ကာပူနိုင်ငံတိုးတက်ဖွံ့ဖြိုးခြင်းတွင် အင်္ဂလိပ်စာကိုအသုံးချခဲ့ခြင်း အကျိုးတရားလည်း ပါဝင်သည်။ အိန္ဒိယနိုင်ငံ သိပ္ပံနှင့် နည်းပညာခေတ်မီတိုးတက်ပြီး ယခုကဲ့သို့ စီးပွားရေးနယ်ပယ်၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၊ အင်္ဂလိပ်စာကို ထိရောက်သော ကိရိယာတန်ဆာပလာအနေဖြင့် ကောင်းစွာအသုံးချနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း တွေ့မြင်နေရပါသည်။

ပညာရေးစီမံကိန်း ရေးဆွဲနေကြသူများကိုလည်းကောင်း၊ အင်္ဂလိပ်စာကို အစိုးရစာသင်ကျောင်းများတွင် အဆင့်ဆင့်တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပြသနေသည့် ဆရာ၊ ဆရာမကောင်းများ လေ့ကျင့်မွေးမြူရေးကိုလည်းကောင်း ယခုထက် ပိုမိုထိရောက်စေနိုင်ပါက နိုင်ငံနှင့် လူမျိုးကို ပိုမိုအကျိုးရှိတိုးတက်စေပါလိမ့်မည်ဟု ရိုသေလေးစားစွာ တင်ပြလိုပေသည်။

# အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းချီဒိုကြောင့် ပြင်သစ်နိုင်ငံ မာယိုတေးကျွန်းတွင် လူ ၁၄ ဦး သေဆုံးခဲ့



**ပဲရစ် ဒီဇင်ဘာ ၁၆**

ပြင်သစ်နိုင်ငံ မာယိုတေးကျွန်းတွင် ဒီဇင်ဘာ ၁၄ ရက်က အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ချီဒို ဝင်ရောက် တိုက်ခတ်ခဲ့သဖြင့် ကျွန်းရှိ နေအိမ်များ၊ အခြေခံ အဆောက်အအုံများနှင့် အခြား အဆောက်အအုံများ ဆိုးရွား စွာပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကာ လူ ၁၄ ဦးသေဆုံးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

မာယိုတေးကျွန်းတွင် ဝင်ရောက် တိုက်ခိုက်ခဲ့သည့် အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ချီဒိုကြောင့် အနည်းဆုံး လူ ၁၄ ဦး သေဆုံးပြီး ကိုးဦးသည် စိုးရိမ်ရသောအခြေအနေတွင်ရှိကာ ၂၄၆ ဦးသည် မာယိုတေးဆေးရုံစင်တာတွင် မပြင်းထန်သောထိခိုက် ဒဏ်ရာများဖြင့် ဆေးရုံတက် ရောက်ကုသနေကြောင်း ပြင်သစ် နိုင်ငံပိုင် မီဒီယာများက ကြေညာခဲ့သည်။

မုန်တိုင်းကြောင့် လမ်းတချို့ လုံးဝပျက်စီးသွားခဲ့ကာ တချို့ သောလမ်းများသည် ဖြတ်သန်း ရန် အခက်အခဲဖြစ်နေကြောင်း၊ အဆိုပါနယ်မြေတွင် ရေနှင့်အစား အစာများ အရေးပေါ်လိုအပ်နေ ကြောင်း၊ ပျောက်ဆုံးနေသူများ လည်းရှိသဖြင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း၊ လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# ထိုင်းနိုင်ငံတောင်ဘက်ပိုင်းရှိ ပြည်နယ်လေးခုတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေ

**ဗန်ကောက် ဒီဇင်ဘာ ၁၆**

ထိုင်းနိုင်ငံ တောင်ဘက်ပိုင်းရှိ ပြည်နယ်လေးခုတွင် ဒီဇင်ဘာ ၁၅ ရက်က ရေကြီးရေလျှံမှု ဖြစ်ပွားနေကြောင်း ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျှော့ချရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူ နှစ်ဦး ပျောက်ဆုံးနေကြောင်း၊ ပျောက်ဆုံးနေသည့် လူနှစ်ဦး မှာ ဆူရတ်ဌာနီပြည်နယ်မှဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း များ ဆောင်ရွက်နေကြောင်း ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျှော့ချရေးအဖွဲ့အစည်းက ထုတ် ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်ကြောင့် ယာယီ ရပ်ဆိုင်းထားရသည့် မီးရထား ခရီးစဉ်များမှာ ဗန်ကောက်မြို့မှ ဟတ်ရိုင်မြို့၊ ကန်တန်မြို့၊ ပက်ဒန်ဘီဆာမြို့၊ ဆန်ဂိုင်ကိုလော့ခ်မြို့၊ ထရန်မြို့၊ ယာလာမြို့ ခရီးစဉ်များဖြစ်ပြီး ဘတ်စကား ခရီးစဉ်များအဖြစ် မြောင်ခရိုင်နှင့် စာဝီခရိုင်ကြား ပြေးဆွဲနေသည့် ဘတ်စကားခရီး စဉ်များကို ယာယီရပ်ဆိုင်းထား ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ပြည်နယ်များ မှာ ချွန်ပွန်ပြည်နယ်၊ နာခွန်စီသာ မရက်ပြည်နယ်၊ ရနောင်းပြည် နယ်၊ ဆူရတ်ဌာနီပြည်နယ်တို့ဖြစ် ကြောင်း၊ အဆိုပါ ပြည်နယ်လေးခု တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် မိသားစု ပေါင်း ၄၃၅၉၅ စုထိ ရှိနေကြောင်း




ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေးအဖွဲ့အစည်းက ထုတ် ပြန်ခဲ့သည်။

ချွန်ပွန်ပြည်နယ်တွင် ရေဘေး အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ခရိုင် လေးခရိုင်၊ နာခွန်စီသာမရက် ပြည်နယ်တွင် ၁၁ ခရိုင်၊ ရနောင်း ပြည်နယ်တွင် သုံးခရိုင်၊ ဆူရတ် ဌာနီပြည်နယ်တွင် ခုနစ်ခရိုင်ရှိ ကြောင်း ဘေးအန္တရာယ်ကာကွယ် ရေးနှင့် လျှော့ချရေးအဖွဲ့အစည်း က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဆူနာမီလှိုင်းက စီးပွားရေးကဏ္ဍကိုအဆိုးရွားဆုံးထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်ဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံ ဆန်ဒိုင်မြို့ရှိ တိုဟိုကူတက္ကသိုလ်မှ သုတေသီ များက စီးပွားရေးကဏ္ဍကို အဓိက ထိခိုက်စေသော သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်ပြီး သုတေ သနပြုလုပ်ခဲ့ရာတွင် ဆူနာမီလှိုင်း သည်စီးပွားရေးကဏ္ဍကိုအဆိုးရွား ဆုံးထိခိုက်စေနိုင်သော သဘာဝ ဘေးအန္တရာယ်ဖြစ်ကြောင်း ထုတ် ပြန်ခဲ့သည်ဟု ယနေ့သတင်းများ အရ သိရသည်။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုး တက်မှုကို အနှောင့်အယှက်ဖြစ် စေနိုင်သည့် အကြောင်းအရာများ အနက်သဘာဝဘေးအန္တရာယ်များ သည် အကြီးမားဆုံးသောအနှောင့် အယှက်ဖြစ်နေခြင်းနှင့်ပတ်သက် ပြီး တိုဟိုကူတက္ကသိုလ်မှ International Research Institute of Disaster Science (IRIDeS) ၏ သုတေသီများက သုတေသန ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သုတေ သနရလဒ်များအရ သဘာဝဘေး အန္တရာယ်များ အားလုံးသည် စီးပွားရေးကဏ္ဍကို ထိခိုက်စေနိုင် သော်လည်း ၎င်းတို့အနက် ဆူနာမီ လှိုင်းသည် အဆိုးရွားဆုံးဖြစ် ကြောင်း၊ ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ ဖူကူရှီးမားတွင် ဝင်ရောက်ခဲ့သော ဆူနာမီလှိုင်းကို စံနမူနာထား၍ သုတေသန ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ တောင် တရုတ်ပင်လယ်ကို ဦးတည်ပြီး ဆူနာမီလှိုင်းနဲ့ ပတ်သက်ပြီးတော့ သုတေသနတွေ ပြုလုပ်ခဲ့ပါ တယ်။ မနီလာပင်လယ်အော် တစ်လျှောက်နဲ့ပတ်သက်ပြီးတော့ လဲ သုတေသနတွေ ပြုလုပ်နေပါ တယ်။ အထူးသဖြင့် အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ဆူနာမီလှိုင်း အခြေအနေတွေနဲ့ ပတ်သက်ပြီး တော့ သုတေသနတွေ ပြုလုပ်နေ တာဖြစ်ပါတယ်"ဟု International Research Institute of Disaster Science(IRIDeS)မှ သုတေသီ ခေါင်းဆောင် ကွန်စတာချအာက ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်က ဖူကူရှီးမားတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီလှိုင်း ကြောင့် တိုက်ရိုက်ထိခိုက်ဆုံးရှုံး မှုမှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထိရှိခဲ့ကြောင်း၊ သွယ်ဝိုက် ထိခိုက်မှုအနေဖြင့် စီးပွားရေး ကဏ္ဍတွင် တစ်ရက်လျှင် အမေရိ ကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံထိ ဆုံးရှုံးမှုရှိခဲ့ကြောင်းInternational Research Institute of Disaster Science(IRIDeS)မှ သုတေသီ များက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ပင်လယ်နက်အနီး ခရက်ရှ်ရေလက်ကြားတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရုရှားရေနံတင် သင်္ဘောနှစ်စီး တိမ်းမှောက်မှုဖြစ်ပွား

**မော်စကို ဒီဇင်ဘာ ၁၆**

ပင်လယ်နက်အနီး ခရက်ရှ် ရေလက်ကြားတွင် မုန်တိုင်းတိုက် ခတ်မှုကြောင့် လူ ၂၉ ဦးပါသည့် ရုရှားရေနံတင် သင်္ဘောနှစ်စီး ဒီဇင်ဘာ ၁၅ ရက်က တိမ်းမှောက် မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်း များအရ သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါ ရုရှားရေနံတင်သင်္ဘော နှစ်စီး ထိခိုက်ပျက်စီးခဲ့ရကာ ရေနံများ ယိုစိမ့်နေကြောင်း ရုရှားအာဏာပိုင်များက ပြော ကြားခဲ့သည်။

ထို့ကြောင့် ကယ်ဆယ်ရေးနှင့် ရေနံရှင်းလင်းရေး လုပ်ငန်းများ ကို အလျင်အမြန်ဆောင်ရွက် နေကြောင်း၊ ကယ်ဆယ်ရေးနှင့် ရေနံရှင်းလင်းရေး လုပ်ငန်း များကို ကယ်ဆယ်ရေးဝန်ထမ်း ဦးရေ ၅၀ ကျော်က အလျင်အမြန် ဆောင်ရွက်နေပြီး ပျက်စီး သွားသည့် ရေနံတင်သင်္ဘော များကိုတွန်းဆွဲရန် တွန်း သင်္ဘောနှစ်စီး၊ ရဟတ်ယာဉ် နှစ်စင်း အသုံးပြုဆောင်ရွက်နေ ကြောင်း သိရသည်။

ပင်လယ်နက်အနီးတွင် မုန်တိုင်း ကြောင့် ပျက်စီးခဲ့ရသော ရေနံတင် သင်္ဘောများမှာ Volgoneft-212 နှင့် Volgoneft-239 ရေနံတင် သင်္ဘောများဖြစ်ပြီး အဆိုပါ သင်္ဘောများပေါ်တွင် သင်္ဘော အမှုထမ်း ၁၅ ဦးနှင့် အရပ်သား ၁၄ ဦးပါကြောင်း၊ ရေနံတင် သင်္ဘော တိမ်းမှောက်မှုကြောင့် ရေနံများယိုဖိတ်သွားခဲ့ရကြောင်း ရုရှားဖက်ဒရယ်ပင်လယ်နှင့် ကုန်း တွင်း ရေကြောင်းပို့ဆောင်ရေး အေဂျင်စီ ရေ့စ်မော်ရက်ချ် ဖလော့ထ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Russia Today

Trs : KZ

# အိန္ဒိယမျိုးရင်း ဘတ်စတပ်ငှက်များ မျိုးသုဉ်းမှုခြိမ်းခြောက်ခံစာရင်းဝင်လာ

**နယူးဒေလီ ဒီဇင်ဘာ ၁၆**

အိန္ဒိယမျိုးရင်း ဘတ်စတပ် ငှက်များ မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံစာရင်း ဝင်လာ သဖြင့် ထိန်းသိမ်းရန်လိုလာ ကြောင်း အိန္ဒိယနိုင်ငံ တောရိုင်း တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက် သူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိ ဘတ်စတပ်ငှက်များသည် ဂူဂျာ ရတ်ပြည်နယ်နှင့် ရာဂျစ်စသန် ပြည်နယ်တို့တွင် နေထိုင်ကျက် စားကြောင်း၊ အဆိုပါငှက်များသည် ဘယ်ရီသီး၊ မြေပဲ၊ ပြောင်းဆန်နှင့် ပဲတောင့်များကို စားသုံးကြောင်း၊ အဆိုပါငှက်များတွင် ရှည်လျား သောခြေထောက်ရှိပြီး ပျံသန်းနိုင် သော ငှက်မျိုးစိတ်များထဲတွင် အလေးချိန်အားဖြင့် အလေးဆုံး ဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်က ကောက်ယူ ထားသော စစ်တမ်းများအရ အဆိုပါငှက်ကောင်ရေသည် ၂၅၀ ခန့်ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ကောင် ရေ ၁၅၀ ခန့်သာ ကျန်ရှိတော့ ကြောင်း သိရသည်။

အဆိုပါငှက်များ မျိုးသုဉ်းလု နီးပါး မျိုးစိတ်စာရင်းဝင်လာရခြင်း မှာ လူသားများ၏ အလွန်အကျွံ အမဲလိုက်ခြင်းနှင့် နေထိုင်ရာ နေရာများ ဆုံးရှုံးခြင်းကြောင့် ဖြစ်ကြောင်း၊ ၎င်းငှက်များ ကို အိန္ဒိယတောရိုင်းတိရစ္ဆာန် ကာကွယ်ရေးအက်ဥပဒေ (၁၉၇၂ ခုနှစ်)ဖြင့် အကာအကွယ်ပေးထား ကြောင်း အိန္ဒိယတောရိုင်းတိရစ္ဆာန် ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# အကျပ်အတည်းနှင့်ရင်ဆိုင်နေရသော အမေရိကန်ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်စု

အမေရိကန်ရေတပ်၏ ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်စုသည် အားနည်းချက်များစွာရှိနေသော စစ်ရေယာဉ်များ၏ဝန်ထုပ်ဝန်ပိုးကြောင့် အကျပ်အတည်းများနှင့်ရင်ဆိုင်နေရသည်။ ထို့ပြင် မစ်ရှင်ထမ်းဆောင်နိုင်စွမ်းမရှိခြင်း၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ရန် လိုအပ်သော စစ်ရေယာဉ်များများပြားလာခြင်းတို့ကြောင့် တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နိုင်မှုအပေါ် ခြိမ်းခြောက်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းအာဏာကြီးထွားလာမှုအပေါ်တွင်လည်း မဟာဗျူဟာမြောက်ဟန်ချက်ထိန်းညှိနိုင်ရန် စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

အမေရိကန်ရေတပ်၏ ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်စုသည် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသောကြောင့် တာဝန်ထမ်းဆောင်နိုင်မှုအသင့်ဖြစ်မှုနှင့် အမေရိကန် မရိန်းတပ်ဖွဲ့မစ်ရှင်များကို အထောက်အကူပြုနိုင်သည့် စွမ်းဆောင်ရည်တို့အပေါ်ထိခိုက်လာလျက်ရှိကြောင်း အမေရိကန်အစိုးရတာဝန်ခံမှုရုံး(GAO)က ယခုနှစ် ဒီဇင်ဘာလအတွင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

အမေရိကန်ရေတပ်ရှိ ကုန်းရေနှစ်သွယ်သွားစစ်ရေယာဉ် ၃၁ စီးအနက် ထက်ဝက်ခန့်သည် ဆိုးရွားသောအခြေအနေတွင်ရှိနေပြီး များစွာသောစစ်ရေယာဉ်များသည် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုမလုပ်ဆောင်နိုင်ခြင်းနှင့် သက်တမ်းကြာမြင့်နေပြီဖြစ်သောစနစ်များကြောင့် မျှော်မှန်းထားသလောက်တာဝန် ထမ်းဆောင်နိုင်မည်မဟုတ်ကြောင်း၊ ထို့ပြင် အနားပေးရန်အဆိုပြုရွေးချယ်ထားသည့် စစ်ရေယာဉ်များကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ် ဖျက်သိမ်းရန် အမေရိကန်ရေတပ်၏ဆုံးဖြတ်ချက်သည် တာဝန်ထမ်းဆောင်နိုင်မှုအပေါ် ပြဿနာများပိုမိုကြီးထွားလာလျက်ရှိသဖြင့် ယိုယွင်းပျက်စီးနေသော ဒီဇယ်အင်ဂျင်များကဲ့သို့ အရေးပါသည့်စနစ်များကို လျစ်လျူရှုထားသလိုဖြစ်နေကြောင်း အမေရိကန်အစိုးရတာဝန်ခံမှုရုံးအစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်ရေတပ်နှင့် မရိန်းတပ်ဖွဲ့များသည် တာဝန်ထမ်းဆောင်မှုနှင့်လေ့ကျင့်မှုတို့ လုပ်ဆောင်နိုင်သည့် သီးသန့်စစ်ရေယာဉ်အရေအတွက်ကို သဘောတူ ဆုံးဖြတ်နိုင်ခြင်းမရှိသေးသောကြောင့် ပြုပြင်ထိန်းသိမ်းမှုစီမံကိန်းများကို ပိုမိုရှုပ်ထွေးစေလျက်ရှိကြောင်း၊ အမေရိကန်ရေတပ်၏ လက်ရှိစီမံကိန်းများသည် သက်တမ်းတိုးချဲ့ရေးတွင် ထူးခြားသည့် ရင်းနှီးမြှုပ်နှံမှုမရှိလျှင် ၂၀၃၀ ပြည့်နှစ်လောက်တွင် စစ်ရေယာဉ် ၃၁ စီးဖြင့် ဖွဲ့စည်းထားသော စစ်ရေယာဉ်စုကို ပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း၊ ပြုပြင်ထိန်းသိမ်းခသည် သင်္ဘောတစ်စီးလျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ကုန်ကျမည့်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ခံမှုရုံးအစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်ရေတပ်သည် အရေးကြီးသောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အချိန်မတိုင်မီဖျက်သိမ်းမှုမှတားဆီးနိုင်ရေး ကုန်းရေနှစ်သွယ်သွားစစ်ရေယာဉ်၏စွမ်းဆောင်နိုင်မှုရည်မှန်းချက်များကို သတ်မှတ်နိုင်ရန် မက်ထရစ်စနစ်ကိုအသုံးပြုပြီး မူဝါဒများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်းမရှိလျှင် အမေရိကန်ရေတပ်သည် တာဝန်ထမ်းဆောင်နိုင်မှုနှောင့်နှေးကြန့်ကြာခြင်းများ ဆက်လက်ဖြစ်ပေါ်ပြီး အရေးပေါ်မစ်ရှင်များအတွက် အသင့်ဖြစ်မှုအနေအထား ဆုတ်ယုတ်ကျဆင်းလာနိုင်ကြောင်း အမေရိကန်အစိုးရတာဝန်ခံမှုရုံး အစီရင်ခံစာ၌ ဖော်ပြထားရှိသည်။

အမေရိကန် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်စုရင်ဆိုင်နေရသော အဓိကပြဿနာများမှာ USS Boxer (LHD-4) စစ်ရေယာဉ်သည် တပ်ဖြန့်ချထားနိုင်စွမ်းမရှိသောကြောင့် အမှတ်(၁၅) မရိန်းတပ်ဖွဲ့နှင့် F-35 တိုက်လေယာဉ်များ အင်အားပြည့်တပ်ဖြန့်ချထားနိုင်မှုကို အဟန့်အတားဖြစ်စေလျက်ရှိသည်။ ထို့ပြင် USS America (LDA-6) ကုန်းရေနှစ်သွယ်သွားအသင့်တပ်ဖွဲ့(ARG)သည် စစ်ရေယာဉ်များအင်အားအပြည့်အဝမရှိဘဲ တာဝန်ထမ်းဆောင်ရလျက်ရှိသောကြောင့် အရေးကြီးသော စစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်နိုင်ခြင်းမရှိသည့်အပြင် မဟာဗျူဟာမြောက် တပ်ဖြန့်ချထားမှုကိုလည်း လစ်ဟာမှုဖြစ်ပေါ်စေလျက်ရှိသည်။



အမေရိကန် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးသုံးစစ်ရေယာဉ်တစ်စီးကို တွေ့ရစဉ်။

ထို့ပြင် USS Bonhomme Richard အဖွဲ့အစည်း၏ (LHD-6) စစ်ရေယာဉ်သည် ၂၀၂၀ ပြည့်နှစ်တွင် ဆိပ်ကမ်းမီးလောင်မှုကြောင့် စစ်ရေယာဉ်စု၏ စွမ်းဆောင်ရည်ကို ကျဆင်းစေခဲ့သည်။ အလားတူ ကုန်းရေနှစ်သွယ်သွားစစ်ရေယာဉ်ပြုပြင်ထိန်းသိမ်းမှု ၇၁ ရာခိုင်နှုန်းကျော်ကိုလည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်ထိ ရွှေ့ဆိုင်းခဲ့သဖြင့် လေ့ကျင့်မှုနှင့်တပ်ဖြန့်ချထားမှုတို့တွင် ၂၉ နှစ်ခန့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည်။

ထို့ပြင် သက်တမ်း ၃၅ နှစ်ရှိ USS Wasp (LHD-1) ကဲ့သို့သော သက်တမ်းရင့် စစ်ရေယာဉ်များသည် တွန်းကန်အားစနစ်လို ရှေးခေတ်စက်ပစ္စည်းအစိတ်အပိုင်းများကဲ့သို့သော အသုံးမတွင်ကျယ်သည့်ပစ္စည်းများရှာဖွေရရှိရန် ပြဿနာများနှင့်လည်း ရင်ဆိုင်ရလျက်ရှိသည်။

USS Fort Lauderdale (LPD-28) ကဲ့သို့သော စစ်ရေယာဉ်အသစ်များသည်ပင်လျှင် အထောက်အကူပြုကရိန်းနှင့် စစ်သေနတ်များကဲ့သို့သောအရေးပါသည့်လက်နက်စနစ်များ ပြတ်လပ်မှုအပါအဝင် အသုံးအဆောင်ပစ္စည်းများ ပြတ်တောက်မှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ပြုပြင်ထိန်းသိမ်းမှုပြဿနာသည် စစ်ရေယာဉ်များကို အချိန်မတိုင်မီအနားပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များရွှေ့ပြောင်းထားရခြင်းတို့ကြောင့် အမေရိကန်ရေတပ်၏ ကုန်းရေနှစ်သွယ်သွားစစ်ရေယာဉ် ၃၁ စီး ပြုပြင်ထိန်းသိမ်းရေးအတွက် စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

Whidbey အတန်းအစား ကမ်းထိုးစစ်ရေယာဉ်သုံးစီးကို သက်တမ်းမပြည့်ခင်အနားပေးရန် အမေရိကန်ရေတပ်၏ ၂၀၂၄ ခုနှစ် ဘတ်ဂျက်အတွင်း အဆိုပြုမှုသည် ပြုပြင်ထိန်းသိမ်းမှုအရင်းအမြစ်လိုအပ်ချက်ကို မီးမောင်းထိုးပြလျက်ရှိသည်။ အဆိုပါဆုံးဖြတ်ချက်သည် အမေရိကန်ဒေါ်လာသုံးဘီလီယံကို အရေးပေါ်လိုအပ်ချက်များနှင့် အခြားတပ်ဖြန့်ချထားမှုများအတွက် ပြန်လည်ခွဲဝေချထားပေးရန်ရည်မှန်းထားရှိသည်။ သို့သော် ကုန်းရေနှစ်သွယ်စစ်ဆင်မှုရေယာဉ်စု ၃၁ စီးကို ပြုပြင်ထိန်းသိမ်းရန်လိုအပ်ခြင်းသည် စစ်ရေယာဉ်များ ထပ်မံမဖြည့်ဆည်းဘဲ ရှိရင်းစွဲစစ်ရေယာဉ်များကို အနားပေးရသည့်အခြေအနေဖြစ်လာခဲ့သည်။

ထိုသို့ပြုပြင်ထိန်းသိမ်းမှုပစ္စည်းလိုအပ်ခြင်းသည် အမေရိကန်မရိန်းတပ်ဖွဲ့ကို ပင်လယ်ပြင်အခြေစိုက်နှင့် အမြန်ပို့ဆောင်ရေးတပ်ဖွဲ့ကဲ့သို့ အခြားစစ်ရေယာဉ်များကို ပြန်လည်အသုံးပြုရန် ဖိအားဖြစ်စေခဲ့သည်။ ၎င်းစစ်ရေယာဉ်များသည် အဓိကကျသော ကုန်းရေနှစ်သွယ်စစ်ဆင်မှု စွမ်းဆောင်ရည်များကင်းမဲ့လျက်ရှိသည်။

အမေရိကန်မရိန်းတပ်ဖွဲ့၏ ၂၀၃၀ ပြည့်နှစ် ဒီဇိုင်းနှင့် အပေါ့စားကုန်းရေနှစ်သွယ်သွားစစ်ရေယာဉ် သုတေသနပြုတည်ဆောက်မှုရည်မှန်းချက်သည် ခေတ်သစ်ခြိမ်းခြောက်မှုများကို ဖြေရှင်းရန်ရည်မှန်းထားရှိသော်လည်း အဆိုပါစစ်ရေယာဉ်များသည် ကိုယ်ပိုင်ကာကွယ်ရေးနှင့် ကုန်ကျစရိတ်တွက်ခြေကိုက်မှုတို့အတွက် ကန့်သတ်ချက်များ ဖြစ်ပေါ်လျက်ရှိသည်။

မရိန်းတပ်မဟာများနှင့် ရှေ့တန်းတွင်တပ်ဖြန့်ချသွားမည့် မရိန်းတပ်ဖွဲ့များအတွက် အရေးပါသော ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်စု ၃၈ စီးဖြင့် အမေရိကန်တို့၏သမားရိုးကျတပ်ဖွဲ့ ဖွဲ့စည်းမှုပုံစံသည် မဟာဗျူဟာမြောက်ဦးစားပေးတာဝန်များအောက်တွင် ဖြစ်နိုင်ခြေမရှိတော့ပေ။ ထို့ကြောင့် ပြိုင်ဘက်နိုင်ငံများ၏ ခြိမ်းခြောက်မှုမြင့်တက်လာသည့်အချိန်တွင် စစ်ဆင်ရေးအထောက်အကူပြုရေးအတွက် အန္တရာယ်ကြံ့ကြံ့ခံနိုင်သော စစ်ရေးယာဉ်ငယ်များ ပိုမိုတည်ဆောက်ခြင်းနှင့် တိကျပဲ့ထိန်းလက်နက်များ တင်ဆောင်ထားသည့် တပ်ဖွဲ့များပိုမိုလိုအပ်လာလျက်ရှိသည်။

လေ့ကျင့်သင်တန်းပေးမှုများ မလုပ်ဆောင်နိုင်ခြင်းသည် အခြားပြဿနာတစ်ရပ်ပင်ဖြစ်သည်။ အကြီးစားကုန်းရေနှစ်သွယ်ထိုးစစ်ဆင်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်ရန် စစ်ရေယာဉ်များ၊ မရိန်းတပ်မဟာများနှင့် မရိန်းတပ်ဖွဲ့များ လိုအပ်ချက်ရှိနေခြင်းသည် ပြင်းထန်သောစစ်ဆင်ရေးအတွက် အသင့်ဖြစ်ရန် အင်အားချည့်နဲ့လျက်ရှိသည်။

အမေရိကန်၏ စစ်သင်္ဘောတည်ဆောက်နိုင်မှုကန့်သတ်ချက်သည် ပြဿနာများ ပိုမိုကြီးထွားလျက်ရှိသည်။ စစ်ရေယာဉ်တည်ဆောက်မှုအချိန်ကာလ ၅၁ လမှ ၆၃ လထိ ကြာမြင့်လာပြီဖြစ်သည့်လက်ရှိကုန်း၊ ရေနှစ်သွယ်သွားစစ်ရေယာဉ်တည်ဆောက်မှုသည် သင်္ဘောကျင်း၏စွမ်းဆောင်နိုင်မှုပစ္စည်းကန့်သတ်ချက်တို့ကြောင့် ပိုမိုကြန့်ကြာလျက်ရှိသဖြင့် စစ်မက်ဖြစ်ပွားချိန်၌ စစ်ရေယာဉ်များအချိန်မီဖြည့်ဆည်းနိုင်မည်မဟုတ်ချေ။

ကုန်းရေနှစ်သွယ်စစ်ဆင်ရေးစစ်ရေယာဉ်များမလုံလောက်ခြင်းနှင့် အမေရိကန်ပင်လယ်ရေကြောင်းတပ်ဖွဲ့များ၏စွန့်စားမှုသည် ကုန်းရေနှစ်သွယ်ထိုးစစ်အတွက်စွမ်းဆောင်ရည်ကျဆင်းစေပြီး လုပ်ငန်းတာဝန်များထမ်းဆောင်မှုနှင့် ပဋိပက္ခတုံ့ပြန်မှုတို့ကိုဖြန့်ခွဲထမ်းဆောင်ရခြင်းတို့ကြောင့် တရုတ် သို့မဟုတ် ရုရှားနိုင်ငံတို့ကဲ့သို့သော အဆင့်တူပြိုင်ဘက်နိုင်ငံများနှင့်ဖြစ်ပွားသည့်ပဋိပက္ခများတွင် မဟာဗျူဟာမြောက် လိုက်လျောညီထွေရှိမှုကို ပျက်ပြယ်စေမည်ဖြစ်သည်။

အမေရိကန်အနေဖြင့် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးစွမ်းဆောင်ရည်များ ကျဆင်းလျက်ရှိသော်လည်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်သည် ၎င်း၏ကုန်းရေနှစ်သွယ် စစ်ဆင်ရေးရေယာဉ်စုကိုခေတ်မီအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်၏လက်ရှိစစ်ရေယာဉ်စုတွင် ကုန်းရေနှစ်သွယ်သွားပို့ဆောင်ရေးယာဉ်ရှစ်စီး၊ ရဟတ်ယာဉ်တင်ကမ်းထိုးယာဉ်နှစ်စီး၊ တင့်ကားတင်ကမ်းထိုးယာဉ်အစီး ၃၀၊ အလတ်စားကမ်းထိုးယာဉ်အစီး ၂၀ နှင့် အသေးစားစစ်ရေယာဉ်များစွာပါရှိသည်။ တရုတ်နိုင်ငံ၏ကြီးမားသော သင်္ဘောတည်ဆောက်မှု စွမ်းဆောင်ရည်သည် လိုအပ်ပါက သင်္ဘောအရေအတွက် အမြောက်အမြားကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးရေတပ်ဖြစ်လာပြီးစစ် ရေယာဉ်တည်ဆောက်မှုစွမ်းဆောင်ရည်အပိုင်းတွင် အမေရိကန်ရေတပ်ထက် အဆ ၂၃၀ ခန့် သာလွန်လျက်ရှိသည်။ အဆိုပါကွာဟချက်ကြောင့် အမေရိကန်အနေဖြင့် ပင်လယ်သမုဒ္ဒရာသွားသင်္ဘောတစ်စီးတည်ဆောက်ချိန်တွင် တရုတ်နိုင်ငံအနေဖြင့် တစ်နှစ်အတွင်း သင်္ဘော ၃၅၉ စီးထိ တည်ဆောက်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ဟန်ချက်ထိန်းညှိထားသော တပ်ဖွဲ့ပုံစံသည် ကမ္ဘာလုံးဆိုင်ရာနှင့် ထိုင်ဝမ်ရေလက်ကြားတို့တွင် အင်အားဖြန့်ကြက်နိုင်ရေးရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်၏မဟာဗျူဟာတွင် အုပ်ချုပ်ပံ့ပိုးမှုအတွက် အရပ်ဘက်သင်္ဘောများနှင့် ကမ်းထိုးရေယာဉ်များပါရှိသောကြောင့် တရုတ်နိုင်ငံ၏ စစ်ဘက်၊ အရပ်ဘက်ပေါင်းစည်းမှုအခြေခံသဘောတရားကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အရပ်ဘက်သုံးရေယာဉ်များသည် ကုန်းရေနှစ်သွယ် စစ်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်ဆောင်ရွက်နေခြင်းသည် စစ်ဆင်ရေးတာဝန်များတွင် အရပ်ဘက်သုံးပစ္စည်းများကို စုစည်းဆောင်ရွက်နိုင်သည့် တရုတ်နိုင်ငံ၏စွမ်းဆောင်ရည်ကို မီးမောင်းထိုးပြလျက်ရှိသည်။ အခြားတစ်ဖက်တွင်မူ အမေရိကန်၏ ကုန်းရေနှစ်သွယ်စစ်ဆင်ရေးရေယာဉ်စုသည် ပြုပြင်ထိန်းသိမ်းရန်လိုအပ်မှုနှင့် ဘဏ္ဍာငွေအကျပ်အတည်းများကြောင်း စစ်ဆင်ရေးတာဝန်များထမ်းဆောင်နိုင်ရန် ရုန်းကန်ရလျက်ရှိပေသည်။

**ကိုးကား**

- **US amphibious warfare fleet sinking into the abyss By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ (MyawadyWebportal(www. myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီတစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင်စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသောတပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသောတပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍အောင်မြင်ပါက အောက်ပါ အတိုင်းအဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
| --- | --- | --- | --- |
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရ သေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပေးပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(MyawadyWebportal(www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများ ခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။








## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က(၃၆)ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မဖြိုးဘဉ္ဇာအေးနှင့် Grade-3 တွင် ပညာသင်ကြားနေသော မချစ်စုဝင်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးဖိုးအေးဖြစ်ပါကြောင်း။

**ဦးဖိုးအေး(၅/ဆလက(နိုင်)၀၅၆၅၉၂)**

## မိဘအမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အ.မ.က(၁၆) မူလွန်ကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မသက်သက်နိုင်နှင့် Grade-2 တွင် ပညာသင်ကြားနေသော မနှင်းသက်ဖူးတို့၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးဝင်းလွင်ဦး+ဒေါ်သဇင်ခိုင်ဖြစ်ပါကြောင်း။

**ဦးဝင်းလွင်ဦး(၉/ခမစ(နိုင်)၁၀၆၇၂၅)**
**ဒေါ်သဇင်ခိုင်(၉/ခမစ(နိုင်)၀၅၂၃၃၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာနေ ဒေါ်သန္တာလင်း (ဘ) ဦးထွန်းပိုင်(၉/အမရ(နိုင်)၀၉၀၇၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၇၀၀၉၁၀






# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ...

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ပွဲစဉ်များ၏ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားကွင်းနှင့်အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ မင်းနိုင်က စနူကာ 6 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က စနူကာ 6 Red Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက 9 Ball Pool Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၇၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

စာမျက်နှာ- ၂၂

## ဆူနာမီလှိုင်းက စီးပွားရေးကဏ္ဍကို အဆိုးရွားဆုံး ထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်

စာမျက်နှာ- ၂၇

## ဤခရီး မည်သို့သွားလျှင် နီးမည်နည်း

ဆောင်းပါး စာမျက်နှာ- ၁၀

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)
ငါးမွေးမြူရေးလုပ်ငန်း(မွေးကန်)
ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015









နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို ဖိတ်ခေါ်ကျကမ္ဘာ့ရနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com